၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.833, September 25, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## မြန်မာ့နိုင်ငံရေးအပေါ် ဒေါ်အောင်ဆန်းစုကြည် အပြုသဘော ရှုမြင်

**VOA ၊ စက်တင်ဘာ ၂၁ ။**။ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်တဲ့နေရာမှာ အပြန်အလှန်အပေးအယူ ညှိနှိုင်းရတာမို့ အလွန်ခက်ခဲသိမ်မွေ့ပြီးသိပ်မကြာခင်မှာတော့ မြန်မာနိုင်ငံအခြေအနေဟာ အပြောင်းအလဲတွေမြင်ရနိုင်တယ်လို့ မျှော်လင့်တဲ့အကြောင်း ဒေါ်အောင်ဆန်းစုကြည် က ပြောပါတယ်။ မနေ့က နယူးယောက်မှာ ကျင်းပတဲ့ Clinton Global Initiative နှစ်ပတ်လည်ညီလာခံမှာ ပြောဆိုသွားတာဖြစ်ပါတယ်။တချိန်တည်းမှာပဲမြန်မာနိုင်ငံအပြောင်းအလဲအတွက်မှန်ကန်တဲ့ အားပေးထောက်ခံမှုမျိုး ဆက်လုပ်သွားဖို့ အမေရိကန်ပြည်ထောင်စုကိုလည်းတိုက်တွန်းခဲ့ပါတယ်၊ ဒီအကြောင်းတွေနဲ့ပတ်သက်လို့ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

အမေရိကန် သမ္မတဟောင်း ဘေလ် ကလင်တန် (Bill Clinton) ထူထောင်ထားတဲ့ Clinton Global Initiative နှစ်ပတ်လည် ညီလာခံမှာ မနေ့တုန်းက ခေါင်းဆောင်မှုပိုင်းနဲ့ ပတ်သက်လို့ ဆွေးနွေးကြတဲ့နေရာ အဓိက ဆွေးနွေးသူ ၂ ဦးကတော့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးတောင်အာဖရိကဘုန်းတော်ကြီး Desmond Tutu) တို့ ဖြစ်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ရန်ကုန်မြို့ကနေ ဗွီဒီယိုကတဆင့် တိုက်ရိုက်ဆွေးနွေးပါတယ်။ မြန်မာနိုင်ငံဟာ အပြောင်းအလဲအတွက် လမ်းစကိုရောက်နေပြီလို့ ဒေါ်အောင်ဆန်းစုကြည်က အဲဒီမှာ ပြောသွားပါတယ်။

"သိပ်မကြာခင်မှာပဲ အပြောင်းအလဲတွေ တွေ့လာရတော့မယ်လို့ထင်ပါတယ်။ အပြောင်းအလဲနဲ့ပတ်သက်လို့ စကားတွေ အတော်လေးပြောခဲ့ပြီးပါပြီ။ လူတွေက သိသာမြင်သာတဲ့ရလဒ်ကို မြင်ချင်ကြတယ်ဆိုတာလည်း နားလည်ပါတယ်။ ဒါပေမဲ့ ကျမတို့ဟာ အပြောင်းအလဲတွေရဲ့ အစကို ပျိုးနိုင်ပြီလို့ဆိုရမှာပါ။"

တချိန်တည်းမှာပဲ အဲဒီအပြောင်းအလဲအတွက် မြန်မာအာဏာပိုင်တွေနဲ့တွေ့ဆုံဆွေးနွေးမှုတွေရှိတယ်လို့ ပြောပြီး အခုအချိန်ဟာအလွန်သိမ်မွေ့တဲ့အဆင့်တခုမှာ ရောက်နေပြီလို့ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ ညှိနှိုင်းကြတဲ့နေရာမှာ ကိုယ့်ဘက်က ရလိုတာသက်သက်မကြည့်ရဘဲ တဘက်ရဲ့လိုလားချက်ကိုလည်း ပေးရတဲ့အပိုင်းရှိတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

"အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုတာ တခါတခါအတော်လေးခက်ခဲပါတယ်။ နှစ်ဘက်စလုံးက ညှိနှိုင်းရေးအတွက်ပြင်ဆင် ရပါတယ်။ ယူချင်တာကြီးပဲ မဟုတ်ဘဲ ပေးရမှာလည်းရှိပါတယ်။ အပေးအယူလုပ်ရမှာပါ။ အဲဒီမှာ နှစ်ဘက်စလုံးအတွက်သင့်တင့်မျှတတဲ့ အဖြေရဖို့လိုပါတယ်။ ဒါကြောင့် သိပ်ကို ခက်ခဲသိမ်မွေ့တဲ့ အခြေအနေမှာ ရှိနေပါတယ်။ ကျမအနေနဲ့ကတော့ ဒီအခြေအနေအပေါ် သတိထားပြီး အကောင်းဘက်မြင်ပါတယ်။နိုင်ငံအတွက် သိပ်ကိုအရေးကြီးတဲ့၊စစ်စစ်မှန်မှန်အမျိုးသားပြန်လည်သင့်မြတ်ရေးရဖို့ ဆက်လုပ်သွားရမှာပါ။"

ဆွေးနွေးပွဲမှာရှိတဲ့ တောင်အာဖရိက ဘုန်းတော်ကြီး ဒက်စ်မွန် တူးတူးက ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဒီမိုကရေစီရေးအတွက် အစဉ်တစိုက် ရပ်တည်လှုပ်ရှားမှုအပေါ်မှာ ချီးကျူး ပြောခဲ့သလို သမ္မတဟောင်း ဘေလ်ကလင်တန်ကလည်း ဒေါ်အောင်ဆန်းစုကြည်ကို တိုက်ရိုက်

စာမျက်နှာ ၅ သို့

သမတအကြံပေး ဦးမြင့်ဝေမှူးတဲ့ ကချင်ခေါင်းဆောင်ရဲ မြစ်ဆုံစီမံကိန်းပေါ် အမြင် စာမျက်နှာ ၃

မြစ်ဆုံရေကာတာစီမံကိန်း ဆက်လုပ်သင့်မလုပ်သင့် လွှတ်တော်တင်မည် စာမျက်နှာ ၆

အာရပ်ကမ္ဘာ အပြောင်းအလဲမျိုးနဲ့ မြန်မာ့နိုင်ငံရေး အဖြေရှာမရနိုင် စာမျက်နှာ ၁၀

သက်တမ်းလွန်ကားများအစား ကားသစ်သွင်းခွင့်ပြုလိုဒေါ်လာ ဈေးပြန်တက် စာမျက်နှာ ၁၄

ငြိမ်းချမ်းရေး ဆန့် ကျင်သူများ ရှိနေကြောင်း ဒဂုန်တာရာပြောဆို စာမျက်နှာ ၁၆

မြန်မာ့ ပြုပြင်ပြောင်းလဲရေး အမေရိကန် သတိထားစောင့်ကြည် စာမျက်နှာ ၁၈

# ဧရာဝတီမြစ်ဆုံစီမံကိန်း ပြည်သူကိုချပြဖို့ ၁၀ ပါတီ ထုတ်ပြန်

**DVB । စက်တင်ဘာ ၂၀ ။** ။ ကချင်ပြည်နယ် ဧရာဝတီ မြစ်ဆုံစီမံကိန်းနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်သုံးသပ်ပြီး အများပြည်သူကို ချပြဖို့ ဒီမိုကရေစီမိတ်ဆွေပါတီ ၁၀ ခုက သဘောထားကြေညာချက်ကို ပူးတွဲထုတ်ပြန်လိုက်ပါတယ်။

ဒီမိုကရက်တစ် မိတ်ဆွေပါတီများအဖွဲ့ဟာ အမျိုးသားဒီမိုကရေစီအင်အားစု၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ပြည်ထောင်စုဒီမိုကရေစီပါတီ၊ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီစတဲ့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဝင်ခဲ့ကြတဲ့ နိုင်ငံရေးပါတီ ၁၀ ခုနဲ့ ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။

လျှပ်စစ်မဂ္ဂါဝပ် ၁၆,၀၀၀ ကျော်ထွက်မယ့်ဧရာဝတီမြစ်ဆုံစီမံကိန်းကြီးဟာ တနိုင်ငံလုံးနဲ့ ပတ်သက်နေတာဖြစ်တဲ့အတွက် အလွန်အရေးကြီးတဲ့ စီမံကိန်းကြီးဖြစ်တယ်လို့ ယူဆတဲ့အကြောင်း ဒီပါတီတွေရဲ့ကြေညာချက်မှာ ဖော်ပြထားပါတယ်။

ဒီမြစ်ဆုံစီမံကိန်းအနီးမှာ ငလျင်ကြောနဲ့နီးစပ်နေတဲ့အတွက် ဆည်တွေကျိုးပေါက်နိုင်ခြေရှိကြောင်း၊ တရုတ်နိုင်ငံမှာလည်း ဆည်တွေကျိုးဖူးပြီး လူတွေသန်းချီဒုက္ခရောက်ဖူးတဲ့ သာဓကရှိအကြောင်း ဖော်ပြထားပါတယ်။

ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်) ဥက္ကဋ္ဌ ဦးသုဝေက စာပါ တိုက်တွန်းချက်ကို ခုလိုပြောပြပါတယ်။

"ကျနော်တို့ တိုက်တွန်းတာက ဧရာဝတီမြစ်ဆုံစီမံကိန်းကို သီးခြားကင်းလွတ်တဲ့ ဆိုင်ရာကျွမ်းကျင်ပညာရှင်တွေနဲ့ ကဏ္ဍစုံမှလေ့လာပြီးတော့ ဆောင်ရွက်သင့် မသင့် အကဲဖြတ်မှုကို အမြင်မတူတဲ့နှစ်ဘက်စလုံးရဲ့ ချင့်ချင့်ချိန်ချိန် ကျယ်ကျယ်ပြန့်ပြန့် အဆင့်ဆင့် အချိန်ယူပါလို့ ဧရာဝတီမြစ်ဆုံ စီမံကိန်းနဲ့ပတ်သက်ပြီးတော့ သတင်းအချက်အလက်တွေကို ပညာရှင်များရဲ့ စိစစ်ဝေဖန် အကဲဖြတ်မှု ကောင်းကျိုး ဆိုးကျိုးများကို ပြည်သူလူထု အသေးစိတ်သိရှိဖို့ ပြည့်ပြည့်စုံစုံ အချိန်မီ ထုတ်ပြန်အသိပေးဖို့ နောက်ပြီးတော့ အထက်ပါ စီမံကိန်းမျိုးနဲ့ အလားတူတဲ့ လုပ်ငန်းပမာဏ ကြီးမားပြီးတော့ အချက်အလက်အရ ရှုပ်ထွေးတဲ့ နိုင်ငံတော်အဆင့် အရေးပါတဲ့ စီမံကိန်းကြီးတွေကို ဆောင်ရွက်တဲ့အခါမှာ အချက်အလက် ပြည့်ပြည့်စုံစုံ ရယူပြီးတော့ စီမံကိန်းဒေသခံများနဲ့တကွ ပြည်သူလူထုဆန္ဒကိုလည်း စဉ်းစားပြီးတော့မှ ဆောင်ရွက်ပါလို့ အလေးအနက် တိုက်တွန်းတဲ့စာပါ။"

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပတ်သက်လို့ ဆယ်ပါတီ ပူးတွဲကြေညာချက်တစောင်ကိုလည်း ဒီကနေ့မှာပဲ တခါတည်း ထုတ်ဝေခဲ့ပါတယ်။

ကြေညာချက်မှာ သမ္မတဦးသိန်းစိန် အစိုးရတက်လာပြီးတဲ့နောက် အပြောင်းအလဲတွေကို ပြည်တွင်းပြည်ပက တိုးမြှင့်လက်ခံလာတာကိုတွေ့ရတဲ့အတွက် ဒီအခြေအနေကို အမိအရ ဆွဲကိုင်ပြီး နိုင်ငံတော်အေးငြိမ်းသာယာဖို့အတွက် အစိုးရက နိုင်ငံရေးပါတီတွေ ပြည်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သင့်တယ်လို့လည်း တိုက်တွန်းထားပါတယ်။

---

# ပျဉ်းမနားမြို့နယ် ဒေသခံရွာသား ၂၀၀ ကျော် တရားစွဲခံနေကြရ

**RFA । စက်တင်ဘာ ၁၇ ။** ။ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှာရှိတဲ့ ကျေးရွာ ၁၀ ရွာကျော်က လူနေအိမ် ၁ ထောင်ကျော်ကို မြေစာရင်းဦးစီးဌာနက ဖျက်ခိုင်းထားတဲ့ ကိစ္စနဲ့ပတ်သက်ပြီး လူ ၂ ရာကျော် တရားစွဲဆို ခံနေရတယ်လို့ သိရပါတယ်။

ကန်ဦး၊ သပြေလှ၊ ယောက်စအင်း၊ ကင်ပွန်းတန်း၊ ပုရွက်ဆိပ်ကုန်း၊ သဲကျွန်း၊ သက်ကယ်ကျင်း၊ အရင်လို၊ မယ်ဇလီကုန်း၊ ဥယဉ်စု၊ တောင်သာ၊ မြောက်လွတ်ကုန်း၊ အိုးဘိုစတဲ့ ကျေးရွာတွေက ဒေသခံရွာသားတွေကို လယ်မြေဥယျာဉ်ပေါ် ကျူးကျော်ဆောက်လုပ်နေထိုင်မှုနဲ့ တရားစွဲဆိုပြီး နေအိမ်တွေကို ဖျက်ခိုင်းနေတာဖြစ်ပါတယ်။

အိမ်တွေမဖျက်ရင် ထောင်ချမယ်လို့ ပြောဆိုထားသလို အသနားခံစာတင်တာကိုလည်း နောက်နောင် မတင်ဖို့ သက်ဆိုင်ရာအာဏာပိုင်တွေက ခြိမ်းခြောက်ပြောဆိုကြောင်း တရားစွဲခံနေရသူတွေထဲမှာ ပါဝင်သူတဦးဖြစ်တဲ့ ဦးကျော်သက်လွင်က RFA ကို ပြောပါတယ်။

"မဖျက်ဘူးဆိုရင် ထောင် ၂ နှစ်ချမယ်ပေါ့။ တကယ်လို့ ထောင်ကျခံရင်လည်း အိမ်ကတော့ ဖျက်ရမှာပဲ၊ မဖျက်သေးရင် မှီခိုသူကို ထပ်ပြီး တရားစွဲမယ်လို့ပြောတယ်။ ကျနော်တို့က သမ္မတကြီးဆီကို အသနားခံစာတင်ခဲ့တာ သုံးကြိမ်ရှိပါပြီ။ နောက် လယ်-ဆည် ဝန်ကြီးဆီကိုလည်းတင်ပါတယ်။ နေပြည်တော်ကောင်စီကို တင်ပါတယ်၊ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးတွေရော အများကြီး တင်ပါတယ်။ အဲဒီလို တင်လို့တောင်မှ ကျနော်တို့ကို အစည်းအဝေးဆင့်ခေါ်ပြီးတော့ နောက်တခါ အသနားခံစာတင်ရင် အရေးယူမယ်လို့ မြို့နယ်အုပ်ချုပ်ရေးမှူးက ခြိမ်းခြောက်ပါတယ်"

အိမ်ဖျက်ရပြီဆိုရင် အိမ်ထောင်စုပေါင်း ၁ ထောင်ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ရတော့မယ်လို့ ဆိုပါတယ်။ အခုဆိုရင် တရားစွဲခံနေရသူ ၂ ရာကျော်ရှိနေပြီလို့ သိရပါတယ်။ သူတို့ကို ပုဒ်မ ၄၈ (က) နဲ့ တရားစွဲထားတဲ့အတွက် တပတ်အခါ ပျဉ်းမနားမြို့နယ် တရားရုံးကို သွားနေရတာ အခုဆိုရင် ရုံးချိန်း ၄ ခါ ရှိနေပြီလို့ ဆိုပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ တရားစွဲခံထားရတဲ့ အမျိုးသမီးတဦးကလည်း ..."တရားရုံးမှာ မြေစာရင်းရုံးက တရားစွဲပြီးတော့ ဖျက်ခိုင်းတယ်။ တရားသူကြီးကတော့ဖျက်ပေးပါပေါ့၊ ခင်ဗျားတို့ မဖျက်ပေးရင်ထောင်ကျမယ်ပေါ့။ အဲဒီတော့ ဖျက်ပေးလိုက်တာ နားအေးတယ် ဖျက်ပေးလိုက်ပါပေါ့။ ကျမတို့က နေစရာမရှိဘူးလေ။ လန (၃၉) မတင်လို့ဆိုပြီး တရားစွဲတာ"

လန( ၃၉) ဆိုတာ ၁၉၅၃ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး ဥပဒေဖြစ်ပါတယ်။ အဲဒီ ကျေးရွာတွေက ဒေသခံတွေဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေ ကတည်းက အိမ်ဆောက်နေထိုင်ခဲ့တာဖြစ်သလို၊ တချို့ဒေသခံတွေဆိုရင် စည်ပင်သာယာကို နှစ်စဉ်အခွန်ဆောင်ထားကြတယ်လို့ သိရပါတယ်။

# သမတအကြံပေး ဦးမြင့် ဝေမျှတဲ့ ကချင်ခေါင်းဆောင်ရဲ့ မြစ်ဆုံစီမံကိန်းပေါ်အမြင်

**Mizzima ၊ စက်တင်ဘာ ၁၇ ။** ။ သမ္မတ ဦးသိန်းစိန်၏ စီးပွားရေး အကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်က ကချင်ပြည်နယ်ရှိ မြစ်ဆုံရေကာတာ စီမံကိန်းနှင့် ပတ်သက်၍ ရေးသားပေးပို့လာသော စာတစောင်ဖြစ်ပါသည်။

ဒေါက်တာမြင့်သည် ပင်လုံစာချုပ်အတွက် ဦးဆောင်ခဲ့သော ကချင်ခေါင်းဆောင်တဦး၏ သားဖြစ်သူ ဒူဝါဇော်ဂမ်နှင့် လွန်ခဲ့သော တနှစ်ကျော်ကျော် (၂၂ ရက် ဇူလိုင်လ ၂၀၁၀ ပြည့်နှစ် ကြာသပတေးနေ့ ၊နံနက်ပိုင်း (၉:၁၅) က မြစ်ကြီးနားမြို့ Howa Duma Zau Gam နေအိမ်တွင် တွေ့ဆုံခဲ့သည်။

ပင်လုံစာချုပ်အတွက် ဦးဆောင်ခဲ့သူ ကချင်ခေါင်းဆောင်Howa Duwa M.Hkun Hpung ၏သား၊ ကချင်ခေါင်းဆောင် ဟိုဝါး ဒူဝါဇော်ဂမ်နှင့် ဆရာဦးမြင့်တို့တွေ့ဆုံစဉ်က မြစ်ဆုံရေကာတာစီမံကိန်းနှင့် ပတ်သက်၍ Duwa Zau Gam ၏အမြင်နှင့် ပြောဆိုချက်များဖြစ်ပါတယ်။

၁၉၈၇ ခုနှစ်တုန်းက အလုပ်လုပ်နေတုန်း ညဖက်မှာ အသံတွေကြားတော့ ဘာမှန်းလဲမသိ၊ ထွက်ပြေးမယ်လုပ်ပြီး အပြင်ကို ကြည့်လိုက်တော့မှ ရေတွေနဲ့ အတူတူ ညောင်ပင်ကြီးတွေ၊ သစ်ပင်ကြီးတွေ မျောပါလာတာ တွေ့ရတယ်။ နားလုံးလယ် တပြင်လုံးလည်း သဲကန္တာရလို သဲတွေ ဖုံးကျန်ခဲ့ပြီးတော့၊ တော်တော်နဲ့ပြန်ပြီး စိုက်ပျိုးစားလို့ မရတော့ဘူး။ ဗန်းမော်၊ စိန်လုံဘက်မှာလည်း တောင်ကြီးတွေ၊ မြေပြိုကျပြီး သစ်ပင်တွေ၊ ရေထဲမျောပါတာ ကြုံတွေ့ဖူးတယ်။

"မော်ရို" ဆိုတာ ကချင်စကား၊ တောင်တွေ ကွဲပြီး ပြိုကျတာကို ပြောတာ။ ၂၀၀၄ ခုနှစ် ရေကြီးတုန်းကလည်း "ကျိန်ခရမ်"ရေအားလျှပ်စစ်က ခြောက်နေရာတောင် တောင်ကွဲပြီးပြိုကျတာ။ ရေတံခွန်လိုပဲ ရေလုံးကြီးတွေ တောင်ပေါ်က "ဝုန်း" ကနဲပြိုကျတာ၊ သစ်ပင်ကြီးတွေပါပါလာတယ်။ ဘာမှလုပ်ချိန်မရလိုက်ဘူး။ မကြာခင်မှာပဲ "တန်ဖရဲ" ချောင်းဘေးနားက အိမ်တွေအကုန်ရေထဲ မျောပါသွားပြီ။ ဒါတွေကိုမြင်ဘူး၊ကြုံဘူးတော့၊ ဘဝမှာ ဒါတွေဟာ မီးမောင်းထိုးပြသလို ကြောက်စိတ်တွေ၊ ဒဏ်ရာတွေ အဖြစ်ကျန်ခဲ့တယ်။

ညကိုးနာရီကျော်ကျော်မှာ "ဘူဒိုဇာ" နဲ့ ထိုးချလိုက်သလိုပဲ။ အသံကျယ်ကြီးတွေကြားရပြီး ဟိုဘက်နားက ကပ်ပြီးကျော်သွားတယ်။ လျှောင်လှူပ်သလိုပဲ ခံစားရတယ်။ ကမ္ဘာကြီးပျက်သွားတဲ့ အတိုင်းပဲ။အဲဒီတုန်းကမြင်ကွင်းနဲ့ ခံစားချက်တွေဟာ ခုထက်ထိစိတ်ထဲမှာ ဒဏ်ရာဖြစ်နေတယ်။ ရေဟာ ခြေသလုံးလောက်ပဲ၊ ဒါပေမယ့် ရပ်လို့လုံးဝမရဘူး။ ရေစီးက တအားမြန်တယ်။ ရိုးရိုးရေကြီးရင် ပြေးချိန်ရတယ်။ တာတမံကျိုးကျရင် ပြေးချိန်မရဘူး။

ဘဝမှာကြုံဘူးတော့ ဒါတွေကိုတွေးရင်တောင် ကြောက်တယ်။ ဒီတမံကြီးမကျိုးဘူးလို့ ဘယ်သူက အာမခံနိုင်မှာလဲ။ တရုတ်ခေါင်းဆောင်တွေလား။ဗမာခေါင်းဆောင်တွေလား။နေရာတိုင်း၊အလုပ်တိုင်းမှာ အကျိုးနဲ့အပြစ်ဆိုတာရှိပါတယ်။ ဆိုးကျိုး၊ ကောင်းကျိုးတွေပေါ့။ ဒီရေကာတာ လုပ်လို့ရတဲ့ ကောင်းကျိုးက "လျှပ်စစ်" ဘယ်သူရမှာလဲ၊ သူတို့ယူသွားမှာ၊ ဆိုးကျိုးဖြစ်လာရင် ဘယ်သူတွေ ခံရမှာလဲ။

ငွေရှိလို့ ပြန်လည်ထူထောင်နိုင်တယ် ဆိုရင်တောင် အိုးအိမ်တွေပဲ ပြန်ဆောက်လို့ရမယ်။ စိတ်မှာဖြစ်သွားတဲ့ စိတ်ဒုက္ခ၊ စိတ်ဒဏ်ရာတွေက တော်တော်နဲ့ပြန်ထူထောင်ဖို့ မလွယ်ဘူး။ သူတို့ တိုင်းပြည်မှာ ဒါတွေကြုံပြီးပြီ။ သင်ခန်းစာတွေတပုံကြီးနဲ့၊ စိတ်ဓါတ်ကျ၊ ကြောက်စိတ်ဝင်သွားတဲ့ လူတွေရဲ့ ကျဆင်းသွားတဲ့ စိတ်ဓါတ်ခွန်အား၊လုပ်အားအားလုံးဟာ တိုင်းပြည်နဲ့ချီပြီးနစ်နာတယ်။ ဆိုတော့ကာ ... နိုင်ငံတော်ကရမယ့် ဝင်ငွေမှာ ဒီလိုမျိုး လူမှုရေး နစ်နာနိုင်တာတွေကို ကာဗာဖြစ်ဖို့ ထည့်စဉ်းစားထားသလား။ ဒီလိုမဖြစ်စေရပါဘူးလို့ ဘယ်သူကအာမခံနိုင်လဲ။ ကိုယ့်အတွက်ကောင်းကျိုးက အလွန်နည်းပြီး ဆိုးကျိုးများနေတဲ့ ကိစ္စကို ဗမာ၊ ရှမ်း၊ ကချင်၊ ကရင်...အားလုံး ဝိုင်းကန့်ကွက်ဖို့လိုတယ်။

ဒီကနေ ကားဆီးပြီး ရေကာတာပိတ်လိုက်ရင် တောတောင်တွေထဲက သယ်ဆောင်လာတဲ့ မြေသြဇာတွေအားလုံး ဒီရေကာတာထဲမှာ ကျန်ခဲ့မယ်။ အောက်ပိုင်းကလူတွေ စိုက်ပျိုးရေး စိုက်စား၊ ပျိုးစားလို့ ကောင်းမှာ မဟုတ်တော့ဘူး။ ဟိုးအောက်ဆုံးပိုင်းက ဧရာဝတီထိပဲ၊ တတိုင်းပြည်လုံး ဒုက္ခရောက်မဲ့ကိစ္စအားလုံးနဲ့ ဆိုင်တယ်။

တရုတ်စကားပုံရှိတယ် "သေဖို့ မကြောက်ဘူး၊ ငတ်ဖို့(မစားရ)မှာကြောက်တယ်။" အသက်ရှင်နေစဉ် ကောင်းကောင်းစား၊ ဝ,ဝစား နေချင်တဲ့စိတ်ဓါတ်၊ နောင်အတွက် မစဉ်းစားဘူး။ ညီအကို၊ သားအဖ စိတ်တောင် မထားကြဘူး။ တော်တော်ကြောက်ဖို့ ကောင်းတယ်။

ဒီရေကာတာကိစ္စက ရည်ရွယ်ချက်နှစ်ခုရှိတယ် ထင်တယ်။ပထမရည်ရွယ်ချက်က ရေအားလျှပ် စစ်ရဖို့၊ ဒုတိယ ရည်ရွယ်ချက်ကတရုတ်ပြည်က မြန်မာပြည်ကို ကြိုးကိုင်ဖို့၊ လုံခြုံရေး ထိန်းချုပ်ဖို့ ရေကာတာကို ဗုံးတလုံးထောင်ထားသလို လုပ်ထားတာ။ ဒါကြောင့် ကိုယ့်ပြည်သူတွေ သေမှာကိုကြောက်တဲ့ ခေါင်းဆောင်တွေက သူတို့(တရုတ်)ဘာပဲပြောပြော နားထောင်ရတော့မှာပဲ။ ကိုယ့်ပြည်သူတွေ သန်းချီသေဖို့ကိစ္စဖြစ်သွားပြီ။စဉ်းစားစရာတွေတသီတတန်းကြီးဖြစ်သွားပြီ။ ဒါကြောင့် တော်တော်ကြောက်တယ်။ငါတို့အကျိုးကနည်းပြီး၊သူတို့အကျိုးကများနေတယ်။ ဒါကြောင့်လည်း လက်မှတ်ထိုး အကြံပြုခဲ့တယ်။ အရင်ဆုံး လက်မှတ်ထိုးခဲ့တယ်။ ခေါ်ခဲ့ရင်လဲပြောစရာ အများကြီးရှိပါတယ်။

တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ကိစ္စပါ။ အားလုံးဝိုင်းဝန်း တိုင်ပင်စဉ်းစားဆုံးဖြတ်ကြပါ။ ခရစ်ယာန်သမ္မာကျမ်းစာထဲမှာ ရေးထားတာရှိတယ်။

"တိုင်ပင်ခြင်းမရှိတဲ့ အလုပ်(စီမံကိန်း)ဟာ ပျက်စီးတတ်တယ်။" များများတိုင်ပင်ရင် အောင်မြင်နိုင်တယ်။ အားလုံး ဝိုင်းဝန်းတိုင်ပင်ဆွေးနွေးနိုင်မှ အကျိုးများများရနိုင်တယ်။ ဒါတွေအားလုံး သူတို့ကို သိစေချင်တယ်။ သဘာဝဘေးဒဏ် (ဆည်ကျိုးပေါက်မဲ့ ကိစ္စ၊ ရေများလာလို့၊ လျှောင်လှူပ်လို့ .... အခြား...) သဘာဝဘေးဒဏ်ဆိုတာမဖြစ်နိုင်ဘူးလို့ ပြောလို့မရဘူး။ ကြုံပြီး တားထားလို့မရဘူး။ ဖြစ်ရင်လဲ တားဆီးလို့မရ။ ဘယ်လောက် အတိုင်းအတာထိလဲ ဆိုတာ တွက်ချက်လို့မရ။

ဒါကြောင့်မို့လို့ ဒီလုပ်ငန်း(Project) ကို အသက်နဲ့လဲပြီး စီးပွားရှာဖို့ အရေးတကြီးလိုမယ်လို့မထင်ဘူး။ လက်ရှိ တိုင်းပြည်အစိုးရအနေနဲ့အဘက်ဘက်မှာ ဖွံ့ဖြိုးတိုးတက်အောင် လုပ်နေတာကောင်းပါတယ်။ ဒါပေမယ့် ဒီရေကာတာကြောင့် နေ့စဉ် စားမဝင် အိပ်မပျော်ဘဲ အသက်ရှင်နေရတယ်။

# လွတ်လပ်ခွင့်အကြောင်း

## လွတ်လပ်ခွင့်အကြောင်း ( တတိယ–ပိုင်း )

ဒေါ်အောင်ဆန်းစုကြည်က ဘီဘီစီ Radio 4 ရဲ့ ၂၀၁၁ ခုနှစ် Reith Lectures အစီအစဉ်မှာ လွတ်လပ်ခွင့်အကြောင်း ဟောပြောချက် တတိယပိုင်းကို ဖော်ပြလိုက်ပါတယ်။

ကဗျာဟာ လူသားတွေကို အညီအညွတ်ဖြစ်အောင် ဖန်တီးနိုင်တဲ့ စွမ်းပကားကြီးတခုဖြစ်ပါတယ်။ သူ့မှာ ဒေသ နယ်နမိတ်သော်လည်းကောင်း၊ ကာလ နယ်နမိတ်သော်လည်းကောင်း မရှိပါဘူး။

ထောင်ဝတ်စုံအပြာရောင် ရုပ်အင်္ကျီကိုဝတ်လေ့ရှိတဲ့ ဦးဝင်းတင်ဟာ သူရင်ဆိုင်ခဲ့ရတဲ့ အစစ်အဆေး အမေးအမြန်း ဒဏ်တွေကို ခံနိုင်ရည်ရှိဖို့အတွက် Henley ရဲ့ ( Invictus ) ကဗျာကို အားကိုးခဲ့ပါတယ်။ ဒီကဗျာဟာ လွတ်လပ်ရေးတိုက်ပွဲကာလအတွင်းထဲတုန်းက ကျမရဲ့ဖခင်နဲ့ သူတို့ခေတ် ခေါင်းဆောင်တွေကို စိတ်ဓာတ်ခွန်အား ဖြည့်တင်းပေးခဲ့ပါတယ်။ အလားတူစွာဘဲ ဒီကဗျာဟာ တခြားခေတ်တွေမှာ တခြားနိုင်ငံတွေမှာ လွတ်လပ်ရေးတိုက်ပွဲဝင်သူတွေကိုလည်း စိတ်ဓာတ်ခွန်အား ဖြည့်တင်းပေးခဲ့တဲ့ လက္ခဏာရှိပါတယ်။

"တိုက်ပွဲဝင်ခြင်းနဲ့ ပင်ပန်းဆင်းရဲခြင်း၊ သွေးသံရဲရဲကျလျှက် နဲ့ ဦးခေါင်းမညွှတ်ခြင်း၊ အသက်ပင်လျှင် သေဆုံးရခြင်း၊ ဒါတွေအားလုံးဟာ လွတ်လပ်မှုအတွက် ဖြစ်ပါတယ်။"

စိတ်ဓာတ်ပြင်းပြင်းထန်ထန်နဲ့ ကျမတို့လိုချင်တဲ့ ဒီ လွတ်လပ်မှုဆိုတာဘာပါလဲ။ ကျမတို့အထဲမှာ စိတ်ဓာတ်ပြင်းထန်မှု အရှိဆုံးလို့ ခေါ်ရမယ့် အစိုးရဝါဒဖေဖန်သူတွေဟာ လွတ်လပ်မှုနဲ့ပတ်သက်ပြီး ပညာရှင်တွေပြောတဲ့ သဘောတရားတွေကို အလွန်အကျွံကြီးစိတ်ဝင်စားနေတာ မဟုတ်ပါဘူး။ လွတ်လပ်မှုဆိုတဲ့ စကားလုံးကိုဘယ်လိုနားလည်ပါသလဲလို့ သူတို့ကို ရှင်းပြခိုင်းမယ်ဆိုခဲ့လို့ရှိရင်နိုင်ငံရေးအကျဉ်းသားတွေ ရှိတော့မှာမဟုတ်တာတို့ သို့မဟုတ် လွတ်လပ်စွာပြောဆိုခွင့်၊ သတင်းလွတ်လပ်ခွင့်နဲ့ လွတ်လပ်စွာ စည်းရုံးခွင့် ရှိလာမှာတို့၊ သို့မဟုတ် ကျမတို့ဟာ ကျမတို့လိုချင်တဲ့ အစိုးရမျိုးကိုရွေးချယ်နိုင်တယ်တို့၊ သို့မဟုတ် ရိုးရိုးကလေးဘဲ သိမ်းကျုံးပြီးတော့ ကျမတို့ဟာ ကျမတို့လုပ်ချင်တာကို လုပ်နိုင်မယ်တို့စသဖြင့် အဲဒီလို သူတို့ရဲ့ရင်ထဲမှာအရှိဆုံး စိတ်ဝင်စားမှုတွေကို သူတို့ တသီကြီး ထုတ်ပြောဖွယ်ရာအများဆုံးရှိပါတယ်။

ဒီလိုအပြောအဆိုဟာ အတွေးအမြင် ရိုးစင်းလွန်းတဲ့လေသံပေါက်နိုင်ပါတယ်။ ဆိုးကျိုးဖြစ်မလားမပြောတတ်အောင်ရိုးစင်းလွန်းတဲ့ လေသံပေါက်နိုင်ပါတယ်။ ဒါပေမယ့် ဒီလိုအပြောအဆိုတွေမှာ တွေ့မြင်ရတဲ့အချက်က လွတ်လပ်မှုဆိုတာ ဒဿနိကဗေဒအမြင်နဲ့ အငြင်းအခုန်ပြုပြီး ဖော်ထုတ်ရတဲ့ အယူအဆတခုမျှသာမဟုတ် လက်တွေ့အလုပ်လုပ်ကိုင်ပြီး ရအောင်ယူရတဲ့ လက်ဆုပ်လက်ကိုင် မြင်နိုင်တဲ့အရာဖြစ်တယ်ဆိုတဲ့ နားလည်ပုံ နားလည်နည်း ဖြစ်ပါတယ်။

ကျမနေအိမ်အကျယ်ချုပ်နဲ့ ထိန်းသိမ်းခံရတဲ့အချိန်ကာလအသီးသီးရဲ့အဆုံးမှာ အကျယ်ချုပ်ကလွတ်လာတဲ့အတွက် ဘယ်လိုခံစားရပါသလဲလို့ ကျမကိုမေးကြတဲ့အခါတိုင်း ဘယ်လိုမှ ထူးထူးခြားခြား မခံစားမိပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ ကျမရဲ့စိတ်ဟာ အစဉ်အမြဲလွတ်လပ်နေခဲ့လို့ ဖြစ်ပါတယ်လို့ ကျမ ဖြေလေ့ရှိပါတယ်။ ကိုယ့်ရဲ့ အများအမှန်ဆင်ခြင်ဉာဏ်နဲ့ ညီညွတ်တဲ့လမ်းကြောင်းကို လျှောက်ခြင်းအားဖြင့် ရရှိတဲ့ အတွင်းစိတ်ဓာတ် လွတ်လပ်မှုအကြောင်းကို ကျမ မကြာခဏ ပြောခဲ့ပါတယ်။

Isaiah Berlin ကတော့ လွတ်လပ်မှုကို အတွင်းစိတ်ခလေ့ဖြစ်စေခြင်းအားဖြင့် ပေါ်ပေါက်နိုင်တဲ့ ဆိုးကျိုးတွေကို သတိပေးခဲ့ပါတယ်။ သူက ဒီလိုဆိုပါတယ်။

" စိတ်ဓာတ်အားဖြင့် လွတ်လပ်မှုကို ရှုမြင်ရာ၌ အလားတူစွာပင် ကိုယ်ကျင့်သီလအားဖြင့် အောင်နိုင်မှုကို ရှုမြင်ရာ၌ လွတ်လပ်မှုအပေါ်တွင် ပိုမို၍အခြေခံကျသော နားလည်ပုံ နားလည်နည်း၊ အောင်နိုင်မှုအပေါ်တွင် ပိုမို၍သာမန်အမြင်ရှိသော နားလည်ပုံနားလည်နည်းတို့နှင့်ခွဲခြား၍ ရှုမြင်ရပေမည်။ သို့မဟုတ်ပါက လွတ်လပ်ခွင့်တည်းဟူသောအမည်ကိုသုံးစွဲလျှက် သဘောတရားအားဖြင့် အမြင် ရှုတ်ထွေးမှုအန္တရာယ်ကိုလည်းကောင်း၊ လက်တွေ့အားဖြင့် ဖိနှိပ်မှုဟာ တရားတည်း ဟူသော အဆုံးအဖြတ်အန္တရာယ်ကိုလည်းကောင်း ကြုံတွေ့ရပေလိမ့်မည်။" တဲ့။

တခြားလွတ်လပ်မှုအားလုံးရဲ့နေရာမှာ စိတ်ဓာတ်အားဖြင့်လွတ်လပ်မှုကို အစားထိုးမယ်ဆိုရင် ကျေနပ်ဖွယ်ရာရှိပါတယ်လို့လက်ခံခြင်းဟာ ဘာမှ မလုပ်မကိုင်ဘဲနေခြင်းနဲ့ အရှုံးပေး အညံ့ခံခြင်း စခန်းကိုဆိုက်အောင် ပို့နိုင်တဲ့အန္တရာယ်ရှိတာ အမှန်ဖြစ်ပါတယ်။ ဒါပေမယ့် အတွင်းစိတ်ဓာတ်အားဖြင့် လွတ်လပ်မှုကို နားလည်ပုံ နားလည်နည်းဟာ လူ့အခွင့်အရေးနဲ့ တရားဥပဒေစိုးမိုးရေးဆိုတဲ့ ပိုပြီးအခြေခံကျတဲ့ လွတ်လပ်မှုတွေအတွက် လက်တွေ့ကြိုးပမ်းအားထုတ်မှုကို အင်အားဖြည့်တင်းပေးနိုင်ပါတယ်။

ဗုဒ္ဓအယူဝါဒက အဆုံးစွန်လွတ်မြောက်ခြင်းဟာ လိုချင်မှုမှန်သမျှက လွတ်မြောက်ခြင်းဖြစ်တယ်လို့ဆုံးမပါတယ်။ အဲဒီတော့ ဗုဒ္ဓရဲ့ အဆုံးအမဟာ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုကို ရှိစေမယ့် လွတ်လပ်မှုကိုလိုချင်ခြင်း အခြေခံတဲ့ လူထုလှုပ်ရှားမှုတွေနဲ့ သဟဇာတမဖြစ်ဘူးလို့ စောဒကတက်တာ ရှိနိုင်ပါတယ်။

ဒါပေမယ့် ၂၀၀၇ ခုနှစ်မှာ မြန်မာနိုင်ငံက ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များဟာ မေတ္တာပို့ ချီတက်ပွဲဆင်နွှဲကြစဉ်တုန်းက သူတို့ဟာ စားကုန် သောက်ကုန် ကုန်စျေးနှုံးတွေ အကြီးအကျယ်မြင့်တက်ကုန်အောင်ဖန်တီးခဲ့တဲ့ လောင်စာစျေးနှုန်း ရုတ်တရက်တအားကြီး မြှင့်တက်မှုကို ကန့်ကွက်ဆန္ဒပြခဲ့ကြတာ ဖြစ်ပါတယ်။ သူတို့ဟာ လူထုကြီး

စာမျက်နှာ ၅ သို့

**မျက်နှာဖုံးမှ**

လုပ်နေတာ်ဆက်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွန့်လွှတ် အနစ်နာခံမှုကို အသိအမှတ်ပြု ချီးကျူးပြောသွားပါတယ်။ ဒေါ်အောင်ဆန်းစုကြည် က တော့ မြန်မာ့ဒီမိုကရေစီရေးမှာ ကမ္ဘာက လူသိများတဲ့သူ့လိုပုဂ္ဂိုလ်တွေ ရှိပေမဲ့ မထင်မရှား ဒီမိုကရေစီရေးတိုက်ပွဲဝင်နေသူတွေရဲ့ ဘဝဟာပို ပြီး တန်ဖိုးကြီးတယ်လို့ ပြောခဲ့ပါတယ်။

"ဒီလူတွေဟာ မထင်မရှားဖြစ်နေကြတဲ့ အညာတရစစ်သည်တွေ လို့ဆိုရမှာပါ။ ကမ္ဘာကသိတဲ့ ကျမလို လူမျိုးတွေထက် သူတို့ဟာ ပိုပြီး တန်ဖိုးရှိပါတယ်။ ကျမတို့အတွက် ကမ္ဘာက ပိုပြီးသိလေ အကာအကွယ် ပိုရလေပါပဲ။ ဒီလူတွေကျတော့ ကမ္ဘာက မသိကြဘူး။ ဒါကြောင့် သူ တို့ရဲ့သတ္တိ၊ သူတို့ရဲ့စွန့်လွှတ်မှုဟာ အင်မတန်ကြီးမားပါတယ်။ ဒီလိုလူ တွေနဲ့ အတူလုပ်ရတာ ခွန်အားတွေ တိုးစေပါတယ်။"

မြန်မာ့အိမ်နီးချင်း တရုတ်နဲ့ အိန္ဒိယနိုင်ငံတွေ အနေနဲ့အိမ်နီး ချင်းကောင်းပီသစွာနဲ့ အပြောင်းအလဲတွေနဲ့အညီ မြန်မာနိုင်ငံအပေါ် သင့်တော်တဲ့ မူဝါဒပြောင်းလဲမှုတွေ လုပ်ဖို့ကိုလည်း ဒေါ်အောင်ဆန်း စုကြည်က တိုက်တွန်းသွားပါတယ်။ အမေရိကန် ပြည်ထောင်စုအနေနဲ့ ကတော့ မြန်မာ့ဒီမိုကရေစီရေးအတွက် မှန်ကန်တဲ့ အားပေးထောက်ခံ မှုမျိုးဆက်လုပ်သွားဖို့ တိုက်တွန်းခဲ့သလို ပြီးခဲ့တဲ့ မြန်မာ့အရေးရပ်တည် ပေးခဲ့မှုတွေ အတွက်လည်း ကျေးဇူးတင်စကား ဆိုခဲ့ပါတယ်။

"လွန်ခဲ့တဲ့ နှစ် ၂၀ အတောအတွင်း ကျမတို့ ဒီမိုကရေစီလှုပ်ရှား မှုအတွက် ရပ်တည်ဆောင်ရွက်ခဲ့တဲ့အပေါ်မှာ အမေရိကန်ပြည်ထောင် စုကို အထူးကျေးဇူးတင်ကြောင်း ဒီနေရာမှာ ပြောလိုပါတယ်။ ဒီထက် ပိုပြီး လုပ်နိုင်မယ်လို့ ထင်ပါတယ်။ ကျမတို့ အားလုံးလည်း ဒီထက်ပိုပြီး လုပ်ပေးနိုင်လိမ့်မယ်လို့ ယူဆပါတယ်။ မှန်ကန်တဲ့ လုပ်ရပ်အပေါ်မှန် ကန်တဲ့ အားပေးထောက်ခံမှုမျိုး လုပ်ခြင်းအားဖြင့် ကျမတို့ ရှန်းကန်မှု အတွက် အထောက်အကူ ဖြစ်စေပါလိမ့်မယ်။ မှန်ကန်တဲ့ အားပေး ထောက်ခံမှုကို ဘယ်လိုလုပ်မလဲဆိုတဲ့ ဆုံးဖြတ်ရမယ့်ကိစ္စကတော့ လွယ်တဲ့ကိစ္စတော့ မဟုတ်ပါဘူး။"

ဒီမိုကရေစီဆိုတဲ့ စကားနဲ့ပတ်သက်လို့တော့ ဒါဟာ အနောက် နိုင်ငံတွေ သုံးတဲ့စံနှုန်းလို့ အချို့ပြောတာကို ဒေါ်အောင်ဆန်းစုကြည် ရောတောင်အာဖရိကဘုန်းတော်ကြီးဒက်စ်မွန် တူးတူးတို့ကပါငြင်းပယ် ပါတယ်။ မြန်မာနိုင်ငံမှာ လွတ်လပ်မှုနဲ့ တည်ငြိမ် လုံခြုံမှုအတွက် ဒီမိုက ရေစီစနစ်ရှိမှုဖြစ်မယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။ လူတိုင်းဟာ မိမိတို့ကိုယ်မိမိ လုံခြုံမှုရဖို့၊ လွတ်လပ်ဖို့၊ ပျော်ရွှင်ချမ်းမြေ့ဖို့ လိုလားကြတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားပါတယ်။

နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ၂ ဦးဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည် နဲ့ ဒက်စ်မွန် တူးတူးတို့ ၂ ဦးဟာ လူပုဂ္ဂိုလ်ချင်း တခါမှ မဆုံဘူးပေမဲ့အ ခုဆွေးနွေးပွဲမှာ တဦးနဲ့တဦးအပြန်အလှန် နွေးနွေးထွေးထွေးရင်းရင်း နှီးနှီးပြောခဲ့သလို တက်ရောက်လာသူတွေကလည်း ဒေါ်အောင်ဆန်း စုကြည်ကို မတ်တပ်ရပ်ပြီး တလေးတစား ဂုဏ်ပြုခဲ့ကြပါတယ်။

---

**စာမျက်နှာ ၄ မှ**

မှာ လက်လှမ်းမီတဲ့ စားကုန် သောက်ကုန် ပြည့်စုံခြင်းဆိုတဲ့ အခြေခံ အခွင့်အရေး ရရှိဖို့အတွက် ဘာသာရေးသြဇာအရှိန်အဝါကို သုံးစွဲပြီး အရေးဆိုခဲ့ကြတာဖြစ်ပါတယ်။

စိတ်ဓာတ်အားဖြင့် လွတ်လပ်မှုကို အယုံအကြည်ရှိတာနဲ့ဘဲ လူ သတ္တဝါတွေဟာ လူသတ္တဝါနဲ့တူအောင် နေနိုင် ထိုင်နိုင်ဖို့ရာမှာမရှိမ ဖြစ်ဖူးလို့ အများတကာရှုမြင်ကြတဲ့ အခြေခံအခွင့်အရေးနဲ့ လွတ်လပ်မှု တွေအတွက် လက်တွေ့လိုအပ်ချက်ကို ဂရုမစိုက်ဘဲ နေလိုက်ရမယ် မဟုတ်ပါဘူး။ ကျမ အင်မတန် တန်ဘိုးထားတဲ့ အခြေခံလူ့အခွင့်အရေး တခုကတော့ ကြောက်ရွံ့စိတ်က လွတ်လပ်ရေးဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဒီမိုကရေစီလှုပ်ရှားမှုကို စတင်လျှင် စတင်ချင်း အချိန်ကစလို့ ကျမတို့ရဲ့လူ့ဘောင်အဖွဲ့အစည်းတခုလုံးမှာ ပြန့်ပွားနေ တဲ့ အားယုတ်စေလှတဲ့ ကြောက်ရွံ့စိတ်ကို ကျမတို့ ရင်ဆိုင်ခဲ့ကြရပါ တယ်။ မြန်မာနိုင်ငံကို အလည်အပတ်ရောက်လာသူတွေက မြန်မာ တွေဟာ ဖော်ရွေတယ်၊ ဥဒ္ဒေဝတ်ကျေတယ်ရယ်လို့ချက်ချင်းပြောတတ် ကြပါတယ်။ သူတို့ပြောတတ်ကြသေးတဲ့ ဝမ်းနည်းဖွယ်ရာ စကားတ ခွန်းက မြန်မာတွေဟာ များသောအားဖြင့် နိုင်ငံရေးပြဿနာတွေကို ဆွေးနွေးဖို့ ကြောက်တတ်ကြတယ်ဆိုတဲ့ စကားပါဘဲ။

ကျမတို့ဟာ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ကြပြီဆိုတဲ့အခါမှ ၁ ကြောက်ရွံ့စိတ်ဟာ လွတ်အောင်ရှောင်ရမယ့် ပထမဦးဆုံး ရန်သူ ဖြစ်ပါတယ်။ နောက်ပြီး မကြာခဏဖြစ်တတ်တာက ဒီရန်သူဟာ ခရီး လမ်းဆုံးကိုရောက်တဲ့အထိရှိနေတတ်တဲ့ ရန်သူဖြစ်ပါတယ်။ဒါပေမယ့် ကြောက်ရွံ့စိတ်က လွတ်လပ်ခြင်းဟာ ရာနှုန်းပြည့်ဖြစ်ရမယ်မဟုတ် ပါဘူး။ တိုက်ပွဲကိုဆက်လက်ပြီး ဆင်နွှဲနိုင်ဖို့ရာ အလုံအလောက်ဖြစ်ဖို့ သာလိုပါတယ်။ နောက်ပြီး ကြောက်ရွံ့စိတ်ရှိတဲ့အထဲက တိုက်ပွဲကို ဆက်လက်ဆင်နွှဲဖို့ဆိုတာ ရဲစွမ်းသတ္တိ ကြီးကြီးမားမားလိုပါတယ်။

"မဟုတ်ပါ။ ကျမမကြောက်ပါ။ ဤထောင်တွင်းအကျဉ်းကျည များတွင် တနှစ်အသက်ရှင်ပြီးနောက် သူ့ကို အမည်တပ်ခြင်းကပင်လျှင် ထွက်ပြေးခြင်းဖြစ်သည့် ဝမ်းနည်းကြေကွဲခြင်း လောကထဲသို့ ကျမ ထွက်ပြေးပါမည်။ မမှန်ပါ။ ကျမကြောက်ပါသည်။ သို့ပေမယ့် ရှင်တို့ သတိမပြုမိသကဲ့သို့ အသွင်ပေါက်စေလိုက်ပါ။" တဲ့။

Ratushinskaya ရဲ့ အဲဒီစာကြောင်းတွေမှာ ဖော်ထုတ်တဲ့ ရဲ ရင့်ခြင်းဟာ အစိုးရဝါဒဝေဖန်သူတွေအဖို့ နေ့စဉ် အတွေ့အကြုံဖြစ်ပါ တယ်။ သူတို့ဟာ သူတို့ရဲ့တာဝန်တွေကို ဆောင်ရွက်နေတဲ့အခါမှာ မကြောက်တဲ့ဟန်ကို ဆောင်ပါတယ်။ သူတို့ရဲ့ ရဲဘော်ရဲဘက်တွေလဲဘဲ ဟန်ဆောင်နေကြတယ်ဆိုတာကို မမြင်တဲ့ဟန် ဆောင်ပါတယ်။ဒါဟာ အတွင်းတမျိုး အပြင်တမျိုး အမူအရာမဟုတ်ပါဘူး။ ဒါဟာတနေ့ပြီး တနေ့ တချိန်ပြီးတချိန် အသိစိတ်ဓာတ်ရှိရှိနဲ့ ထပ်ကာ ထပ်ကာ မွေးမြူ နေရတဲ့ သတ္တိစိတ်ဖြစ်ပါတယ်။ ဒါဟာ ရက်စက်ကြမ်းကြုတ်ခြင်းနဲ့မတ ရားမမျှတခြင်းက ဖန်တီးလိုက်လို့ ဖြစ်ပေါ်လာတဲ့ ကြောက်ရွံ့ စိတ်က နေပြီး လွတ်လပ်ပိုင်ခွင့်ကို ကျမတို့ရတဲ့အချိန်ရောက်တဲ့အထိ လွတ် လပ်မှုတိုက်ပွဲကို ဆင်နွှဲရမယ့် ပုံစံဖြစ်ပါတယ်။

Akhmatovaနဲ့Ratushinskayaတို့ဟာRussianလူမျိုးတွေပါ။ Henleyက အင်္ဂလိပ်လူမျိုးပါ။ ဒါပေမယ့် ဖိနှိပ်မှုအောက်မှာ ရပ်တည်နိုင် ဖို့ တိုက်ပွဲဝင်ခြင်းနဲ့ ကိုယ့်ကြမ္မာရဲ့အရှင်သခင် ကိုယ့်ဝိညာဉ်ရဲ့ ဦးစီးပဲ့ကိုင် ကိုယ်တိုင်ဖြစ်ဖို့ စိတ်ဓာတ်ပြင်းထန်ခြင်း ဆိုတာတွေကတော့ လူမျိုး အားလုံးမှာ တွေ့မြင်ရတဲ့ အခြင်းအရာဖြစ်ပါတယ်။

# မြစ်ဆုံရေကာတာစီမံကိန်း ဆက်လုပ်သင့်မလုပ်သင့် လွှတ်တော်တင်မည်

**VOA ၊ စက်တင်ဘာ ၁၇ ။** ။ ရောဝတီမြစ်ပေါ်မှာတည်ဆောက်နေတဲ့မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကိုဆက်ပြီးအကောင်ထည်ဖော်သင့် မဖော်သင့်ဆိုတာ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံယူသွားမယ်လို့ လျှပ် စစ်စွမ်းအင်ဝန်ကြီးကပြောပါတယ်။ အကြီးဆုံး မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းအပါအဝင် တခြားရေအားလျှပ်စစ်စီမံကိန်းတွေကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုတွေနဲ့ဆိုင်တဲ့အလုပ်ရုံဆွေးနွေးပွဲတခု ဒီကနေ့နေပြည်တော်မှာ ကျင်းပအပြီးမှာ ဝန်ကြီးက အခုလိုပြောလိုက်တာပါ။ အပြည့်အစုံကိုတော့ ဆက်သွယ်စုံစမ်းထားတဲ့ ကိုဇော်ဝင်းလှိုင်က တင်ပြထားပါတယ်။

ရောဝတီမြစ်နဲ့ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲလို့အမည်ပေးထားတဲ့ မြစ်ဆုံရေအား လျှပ်စစ်စီမံကိန်းအပါအဝင် ရောဝတီမြစ်ဝှမ်းတလျှောက်မှာ တည်ဆောက်မယ့် တခြားရေအားလျှပ်စစ်စီမံကိန်းတွေနဲ့ဆိုင်တဲ့ အလုပ်ရုံဆွေးနွေးပွဲကို စနေနေ့က နေပြည်တော်မှာ ကျင်းပခဲ့ကြတာပါ။ ဒီ အလုပ်ရုံဆွေးနွေးပွဲကို အစိုးရဝန်ကြီးတွေ၊ ကျွမ်းကျင်သူပညာရှင်တွေ၊ လွှတ်တော်အမတ်တွေ၊ စာနယ်ဇင်းတွေက သတင်းထောက်တွေအပြင် တရုတ်နိုင်ငံဘက်က ကိုယ်စားလှယ်တဦးပါ တက်ရောက်ခဲ့ကြတာပါ။

ဒီအလုပ်ရုံ ဆွေးနွေးပွဲအတွင်း တက်ရောက်လာသူ လွှတ်တော်ကိုယ်စားလှယ်တွေ၊ သတင်းထောက်တွေရဲ့ မေးခွန်းတွေကိုဖြေကြားရင်း လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးဇော်မင်းနဲ့အခမ်းအနားကို တက်ရောက်လာကြတဲ့ တခြားဝန်ကြီးတွေရဲ့ ဖြေကြားချက်တွေကိုတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (SNDP) ကိုယ်စားပြုမိုးမောက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင်က ပြောပြပါတယ်။

"သူတို့က သူတို့လုပ်ထားတဲ့ဟာကို မှားတယ်ဆိုပြီးတော့သူတို့ဝန်ခံတယ်ပေါ့လေ။ ဘယ်လိုပြောလဲဆိုတော့ သူတို့ စက်မှုဝန်ကြီးကပေါ့လေ ဒါက အစတုန်းက တယောက်တည်း ကျိတ်ပြီးတော့လုပ်ခဲ့တဲ့ကိစ္စမို့လို့ အဲဒီလိုပဲဖြစ်ရတာဆိုပြီးတော့ ပြောတာပေါ့။ အများနဲ့တိုင်ပင်ပြီးတော့မှ စောစောကတည်းက အများနဲ့အတူ တိုင်ပင်ညှိနှိုင်းပြီးမှ လုပ်ခဲ့ရင် ဒီလိုမဖြစ်ရဘူးပေါ့။ အခုတော့ ဘယ်လိုခေါ်မလဲ နည်းနည်းခရီးလွန်နေပြီပေါ့လေ။ အဲဒီလိုမျိုး သဘောမျိုးပြောသွားတယ်ခင်ဗျ။"

တခြားဝန်ကြီးတွေကရော ဘာပြောလဲခင်ဗျ။ -

"တခြားဝန်ကြီးတွေကတော့ အကုန်လုံးလိုလို ပထမအစောပိုင်းကတော့ သူတို့က လုပ်သင့်တဲ့အကြောင်း၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် ဒါလုပ်ဆောင်နေပါတယ် ဆိုတဲ့အကြောင်းတော့ ပြောဆိုတာပေါ့။ ဟိုအကြောင်း ဒီအကြောင်း သူ့ဆင်ခြေနဲ့သူတော့ ပြောကြတာပေါ့။ နောက်ပိုင်းပြန်မေးကြတဲ့အခါကျတော့ ဆွေးနွေးတဲ့သူတွေကမေးမြန်းတဲ့အခါကျတော့ သူတို့က မဖုံးမဖိထားနိုင်တော့ဘူးပေါ့လေ။ အဲဒီလိုမျိုးနဲ့ နောက်ပိုင်းတော့ ဝန်ခံတဲ့အပိုင်းက ဝန်ခံလာတာပေါ့။"

ဝန်ခံတယ်ဆိုတော့ ဘယ်လိုမျိုးလဲခင်ဗျ၊ အခု သူတို့ စီမံကိန်းကိုမှားတယ်ဆိုတာဝန်ခံပေမဲ့ စီမံကိန်းကိုတော့ဆက်ပြီးတော့ အကောင်အထည်ဖော်မယ့်သဘောလား။ ဘယ်လိုမျိုးလဲခင်ဗျ။ -

"ဒီနေ့ကတော့ အဲဒီသဘောမျိုး မရှိတော့ပါဘူးခင်ဗျ။ ကျနော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ဒါက အခုလွှတ်တော်လည်းပေါ်ပေါက်လာပြီ။ ပြည်သူအများက ကျနော်တို့ကို ယုံကြည်အားကိုးပြီးတော့မှရွေးကောက်တင်မြှောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေရှိတယ်။ လွှတ်တော်လည်းရှိတယ်။ အဲဒါ ကြောင့်လွှတ်တော်မှာ ကျနော်တို့တင်ပြသင့်တယ်ဆိုတဲ့အကြောင်းကျနော်တို့ဆွေးနွေးတင်ပြတာပေါ့လေ။ အဲဒါကို လွှတ်တော်မှာ ကျနော်တို့ဆုံးဖြတ်ဖို့အစီအစဉ်ရှိတယ်ခင်ဗျ။ တင်ဖို့အစီအစဉ်ရှိတယ်ခင်ဗျ။ လွှတ်တော်တင်ရင်လည်း သူတို့ဘက်က လူတွေကို ဖိအားပေးပြီးတော့မှုရမလား၊ ဒါမှမဟုတ်ရင်လည်း သမာသမတ်နဲ့လုပ်မလား။ ဒါကတော့ မပြောနိုင်သေးဘူးပေါ့လေ။ တကယ်လို့ လွှတ်တော်မှာ သမာသမတ်ကျကျနဲ့ ကိုယ့်ရဲ့ထင်မြင်ယူဆချက်နဲ့ကိုယ့်ရဲ့ဆန္ဒအလျောက် တင်သွင်းခွင့် ရှိလို့ရှိရင်လွတ်လွတ်လပ်လပ်မဲပေးရင်တော့ ဒီကိစ္စဟာ အားလုံးရဲ့အမြင်အရတော့ ဒါ အောင်မြင်မယ့်ကိစ္စဖြစ်ပါတယ်ခင်ဗျ။"

ဒီ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကြောင့် ရောဝတီမြစ်နဲ့အနီးနားပတ်ဝန်းကျင်မှာရှိတဲ့ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးဆုံးရှုံးမယ့်အပြင်ဒေသခံတိုင်းရင်းသားလူထုတွေရဲ့အသက်မွေးဝမ်းကျောင်းလုပ်ငန်းတွေပါ ပျက်စီးဆုံးရှုံးရတဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေကြရတာကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတွေ၊ နိုင်ငံထဲက အထင် ကရပုဂ္ဂိုလ်တွေ၊ အနုပညာရှင်တွေ ပြည်သူတွေက စိုးရိမ်မကင်းဖြစ်ကြတဲ့အကြောင်း ထုတ်ဖော်ပြောဆိုသံတွေထွက်လာပြီးတဲ့ နောက်မှာ အလုပ်ရုံဆွေးနွေးပွဲတွေ ကျင်းပရတဲ့အထိဖြစ်ခဲ့တာဖြစ်ပါတယ်။

## "အောင်ဆန်းပင်လုံ စာဖတ်ခန်း"ဖွင့်ပွဲ ဒေါ်စုကိုဖိတ်ကြား

**MIZZIMA ၊ စက်တင်ဘာ ၂၁ ။** ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တည်ထောင်ခြင်း ၂၃ နှစ်မြောက်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့်ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ်တွင် အောင်ဆန်းပင်လုံ စာဖတ်ခန်း ဖွင့်လှစ်မည်ဖြစ်ကာ ဖွင့်ပွဲသို့ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ရန်ဖိတ်ကြားထားကြောင်း စာဖတ်ခန်းတာဝန်ခံ ကိုမြသန်းထိုက်က ပြောသည်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တည်ထောင်ခဲ့ခြင်း ၂၃ နှစ်မြောက်နေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၃ ရက်နေ့မှာဖွင့်မယ်၊ နောက်ဒေါ်အောင်ဆန်းစုကြည်ကို ဖွင့်ပွဲတက်ရောက်ဖို့ ဖိတ်ကြားထားတယ်" ဟု သူကဆိုသည်။

သင်္ဃန်းကျွန်းမြို့နယ်၈/မြောက်ရပ်ကွက်လေးထောင့်ကန်လမ်းမပေါ်ရှိ တိုက်အမှတ် င/၂၄၈ တွင် အောင်ဆန်းပင်လုံ စာဖတ်ခန်း အမည်ကို ရှမ်းတိုင်းရင်းသားအချို့၏ တောင်းဆိုမှုကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းလည်း ကိုမြသန်းထိုက်က ဆက်ပြောသည်။

အလှူရှင်များ၏ထည့်ဝင်ငွေဖြင့် တည်ထောင်သော အောင်ဆန်းပင်လုံစာဖတ်ခန်းကို လူငယ်များ စာဖတ်အားကောင်းလာစေရန်ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး စာပေဟောပြောပွဲများ ပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ပြုလုပ်သွားရန်ရှိသည်ဟုလည်း သိရသည်။

လွန်ခဲ့သော ဩဂုတ်လအတွင်းက ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ပဲခူးတိုင်းသနပ်ပင်မြို့သို့ ကိုယ်တိုင်သွားရောက်ကာ အောင်ဆန်းဂျာမွန်းစာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့သေးသည်။

# အရပ်သားအစိုးရဆိုပေမယ့် မြန်မာနိုင်ငံရေးမှာ စစ်တပ်က လွှမ်းမိုးထားဆဲ

**VOA ၊ စက်တင်ဘာ ၁၇ ။** ။ ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်မှာ ဒီမိုကရေစီရေးလှုပ်ရှားမှုတွေကို နှိပ်ကွက်ပြီး စစ်တပ်ကအာဏာသိမ်းယူခဲ့တာ ဒီကနေ့ဆိုရင် ၂၃ နှစ်ရှိခဲ့ပါပြီ၊ ၂၃ နှစ်ကြာခဲ့ပေမဲ့လည်း မြန်မာနိုင်ငံရဲ့ အာဏာအရပ်ရပ်ကို စစ်ဘက်ကချုပ်ကိုင်ထားဆဲဖြစ်တယ်လို့ ဒီမိုကရေစီရေးလှုပ်ရှားသူတွေက မြင်ကြပါတယ်။ စက်တင်ဘာ ၁၈ ရက်နေ့ဟာ မြန်မာပြည်သူတွေရဲ့ လွတ်လပ်မှု ဆုံးရှုံးသွားတယ်ဆိုတဲ့ သမိုင်းသင်ခန်းစာတခုလည်း ဖြစ်တယ်လို့ သုံးသပ်ပြောဆိုကြပါတယ်။ အပြည့်စုံကို ကိုသားညွှန့်ဦးက တင်ပြထားပါတယ်။

စစ်တပ်က အာဏာသိမ်းခဲ့တဲ့ စက်တင်ဘာ ၁၈ ရက် နှစ်ပတ်လည်အဖြစ်နဲ့ရော၊ ၂၀၀၇ ခုနှစ် ရွှေဝါရောင် သံဃာ့လှုပ်ရှားမှု (၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ်နဲ့ပါ အမေရိကန်ပြည်ထောင်စုဝါရှင်တန်ဒီစီဝန်းကျင်၊ နယူးယောက်နဲ့ မြောက်ကာရိုလိုင်းနားက ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူ ၆၀ လောက် ဝန်ရှင်တန်ဒီစီက မြန်မာသံရုံးရှေ့မှာ စနေနေ့က မွန်းလွဲပိုင်းက စုဝေးခဲ့ကြပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးဖို့၊ ပြည်တွင်းစစ်ရပ်စဲဖို့၊ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးဖို့နဲ့ဇရောဝတီမြစ်ဆုံစီမံကိန်းကို ရပ်ဆိုင်းဖို့ တောင်းဆိုချက်တွေကို တောင်းဆိုခဲ့ကြပါတယ်။ ဆန္ဒပြသူတဦးဖြစ်တဲ့ ရွှေဝါရောင်သံဃာ့လှုပ်ရှားမှုခေါင်းဆောင် အရှင်ပညာဇောတကတော့ မြန်မာနိုင်ငံမှာ ၂၃ နှစ်ကြာခဲ့ပေမဲ့ နိုင်ငံရေးမှာ စစ်တပ်ရဲ့ချယ်လှယ်လွှမ်းမိုးမှုတွေခံနေရတုန်းပဲဆိုတာကို ပြီးခဲ့တဲ့လွှတ်တော်မှာ ဖြစ်နေတဲ့ ဥပမာနဲ့ယှဉ်ပြီးတော့ ပြောပြပါတယ်။

သကၤန်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမတ်ဦးသိန်းညွှန့်ကနေပြီးတော့ အခြေခံအုပ်ချုပ်ရေးတွေမှာ ပြည်သူအများက ရွေးချယ်တဲ့ပုဂ္ဂိုလ်ကို ရွေးချယ်ပြီးတော့ တင်မြှောက်ဖို့ ပြောတဲ့အခါမှာ ပြည်ထဲရေးဝန်ကြီးကနေပြီးတော့ ဒါဟာ လုပ်လို့မရဘူး။ လူရှိသေရင်ရှိသေရှိတဲ့ပုဂ္ဂိုလ်များကိုသာလျှင် ရွေးချယ်ပြီးတော့ တင်မြှောက်ရမယ်ဆိုပြီး လွှတ်တော်မှာ စစ်တပ်ကရွေးချယ်ပြီးတော့ ကြီးမှူးနေတဲ့ စစ်တပ်ကိုယ်စားလှယ်များနဲ့မဲအနိုင်ယူပြီးတော့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါတွေကို ကြည့်သောအားဖြင့် အုပ်ချုပ်မှု ပုံပန်းသဏ္ဍာန်ပြောင်းလဲသွားသော်လည်းပဲ စစ်တပ်ရဲ့အုပ်ချုပ်မှု အခန်းကဏ္ဍက ဒီနေ့အထိ အကျိုးသက်ရောက်မှုရှိနေတုန်းပဲ။ နေရာတိုင်းမှာ ချုပ်ချယ်နေတုန်းပဲဆိုတာကိုပြပါတယ်။ ဒါကြောင့်မိုလို့ စစ်အာဏာရှင်တွေဟာ ၂၃ နှစ်ပြည့်ပြီ။ ဒီနေ့အထိအောင် ရွေးကောက်ပွဲဖြစ်ပေမဲ့လို့လည်း လွှမ်းမိုးနေတုန်း၊ ချယ်လှယ်နေတုန်းပဲဆိုတာကို ပြတာဖြစ်ပါတယ်။ ဒါကြောင့် ဒီနေ့လို ဆန္ဒပြပွဲတွေ လုပ်ရတာဖြစ်ပါတယ်။"

၁၉၈၈ ခုနှစ် မတ်လ ကျောင်းသားတွေစတင်ခဲ့တဲ့ ဒီမိုကရေစီရေးတောင်းဆိုမှုတွေဟာ ဩဂုတ်လနဲ့ စက်တင်ဘာလတွေမှာ တနိုင်ငံလုံးကို ကူးစက်ပြီး လူထုအုံကြွမှုကြီး ဖြစ်ခဲ့ပါတယ်။ အဲဒီအချိန်က မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက တပါတီစနစ်နဲ့ အာဏာယူထားတာပါ။

လူထုလှုပ်ရှားမှုအရှိန်ကြောင့်စစ်အာဏာရှင်ဦးနေဝင်းကရာထူးကနေဆင်းပေးခဲ့ရသလို နောက်ထပ်တက်လာတဲ့ ဦးစိန်လွင်လည်းရာထူးကနေဆင်းသွားရပါတယ်။ ဒါပေမဲ့ စက်တင်ဘာလ ၁၈ ရက်နေ့မှာတော့ စစ်တပ်ကနေ ဒေါက်တာမောင်မောင်အစိုးရဆီက အာဏာကိုသိမ်းယူလိုက်ပါတယ်။ နောက်ပိုင်းမှာတော့ ဒီမိုကရေစီရေးလှုပ်ရှားတွေကို အပြင်းအထန်နှိပ်ကွက်ပြီး စစ်တပ်က အစိုးရအဖွဲ့ အုပ်ချုပ်လာခဲ့တာ ဒီနှစ်မတ်လ ဦးသိန်းစိန် အစိုးရ တက်မလာခင်အထိဖြစ်ပါတယ်။

တကယ်တော့ စက်တင်ဘာလ ၁၈ ရက်နေ့ဟာ မြန်မာလူထုရဲ့ လွတ်လပ်မှုဆုံးရှုံးတဲ့နေ့တနေ့လိုမျိုး သမိုင်းမှာအရုပ်ဆိုးတဲ့နေ့ဖြစ်တယ်လို့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမိုးသီးဇွန်က ပြောပါတယ်။

"ကျနော်တို့ လွတ်လပ်ရေးဆုံးရှုံးသွားတဲ့နေ့လိုပါပဲ။ မြန်မာ့သမိုင်းမှာ အရုပ်ဆိုးအကျည်းတန်လှတဲ့ အမဲစက်ကြီးတခုလို့ ကျနော်မြင်ပါတယ်။"

စစ်တပ်ကပဲ ရွေးကောက်ပွဲလုပ်ပေးတယ်၊ ဖွဲ့စည်းပုံတရပ် ပေါ်လာပြီ၊ လွှတ်တော်ပေါ်လာပြီ၊ အရပ်သား အစိုးရသစ်လည်း အခုပေါ်လာပါပြီ။ အဲဒီတော့ ဒီအနေအထားရောက်လာပြီးတဲ့အခါမှာ ကိုမိုးသီးရဲ့အမြင်ကို သိချင်ပါတယ်။ စစ်အာဏာရှင်စနစ်က အခုချိန်မှာ မရှိဘူးလို့ ပြောလို့ရပြီလား။ -

"ကျနော်တို့ မမေ့ဖို့တချက်က ဘာလဲဆိုတော့ ဒီအာဏာကိုဘယ်လိုကျင့်သုံးနေသလဲဆိုတာကို ကျနော်တို့ လေ့လာဖို့လိုတယ်။ ဒီနေ့ အာဏာကို လူတစုကပဲ ဆက်ပြီးတော့ ထိန်းချုပ်ထားတယ်။ ဆုံးဖြတ်ခွင့်ရှိတဲ့ဟာတွေ အားလုံးကို လူတစု လူတယောက်တည်းလက်ထဲမှာ ရှိနေသေးတယ်။ လာဘ်စားမှုတွေ ရှိနေတယ်။ နောက်တခါလူ့အခွင့်အရေးချိုးဖောက်မှုတွေကလည်း ရှိနေတယ်။ ဆိုတော့ ဘာမှပြောင်းလဲတာ ကျနော်တို့မတွေ့ရဘူး။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့၊ တချို့ရွေးကောက်ခံထားရတဲ့ ကိုယ်စားလှယ်တချို့ ဆွေးနွေးတယ်။ ဒါပေမဲ့ ဘာဖြစ်လဲဆိုတော့ သူတို့ ကိုယ်စားလှယ်တွေကိုယ်နိုက်ကိုက ဒီအကြောင်းအရာတွေကို ဆွေးနွေးကြပေမဲ့ အစိုးရက ဒါတွေကို အကောင်အထည်မဖော်ပေးဘူး။ ကျနော်တို့ရဲ့ အသံတွေကိုထင်ဟပ်ယံ့ပဲ။ ဆိုလိုတာက ဒီမိုကရေစီရပြီ ပြောင်းလဲသွားပြီလို့ ပြောလို့မရဘူးလေ။"

စစ်တပ်က ဦးဆောင်ရေးဆွဲတဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအတွင်းမှာလည်း အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီက အစိုးရအဖွဲ့ရဲ့အထက်မှာ အုပ်ချုပ်ရေးလုပ်ပိုင်ခွင့်အာဏာ ပိုယူထားပြီးတော့ နိုင်ငံတော်ရဲ့အရေးပေါ် အခြေအနေကာလမှာ စစ်တပ်ကနေ အာဏာလွှဲယူနိုင်ခွင့်ရှိတယ်လို့လည်း ဖော်ပြထားတာမိုလို့ ဒီအပေါ်မှာလည်း ဒါဟာ စစ်အာဏာရှင်စနစ် ကြွင်းကျန်နေတာကို သက်သေပြတာဖြစ်တယ်လို့ဆိုပြီး ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူတွေက ထောက်ပြဝေဖန်ခဲ့ကြပါတယ်။

---

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# "တင်းမာသူတွေ ဆုတ်ရပြီ"

RFA အသံလွှင့်ဆောင်းပါး

မြန်မာ့နိုင်ငံရေးမှာ ပြုပြင်ပြောင်းလဲမယ့် လက္ခဏာတွေ ပေါ်ထွက်နေပေမယ့် အဓိကကျတဲ့ပြဿနာဖြစ်တဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးကိစ္စဟာ လိပ်ခဲတည်းလည်းဖြစ်နေဆဲဘဲ ဖြစ်တယ်လို့ Larry Jargen က ဆိုပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ "တင်းမာသူတွေ ဆုတ်ရပြီ"ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီတပတ်ရေးသားပေးပို့ထားတာကို တင်ပြလိုက်ပါတယ်။

မြန်မာ့နိုင်ငံရေးဟာ လမ်းဆုံလမ်းခွ ရောက်နေပြီလို့ အစချီရေးသားထားတဲ့ Larry Jargen ရဲ့ ဆောင်းပါးမှာ တရားဝင်ကြေညာမှုမရှိပေမယ့် အစစ်အမှန်ပြောင်းလဲမှုတွေ ဖြစ်တော့မယ်ဆိုတဲ့သတင်းရနံ့တွေထွက်ပေါ်မြဲ ထွက်ပေါ်လာနေတယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ တပတ်ဒီမိုကရေစီနေ့အခမ်းအနားနဲ့အပြိုင်နိုင်ငံခြားသတင်းဌာနတွေကိုကြည့်ရှုခွင့် အင်တာနက်မှာဖွင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် အပြည်ပြည်ဆိုင်ရာမိသားစုနဲ့ NLD အဖို့တော့ နိုင်ငံရေးအကျဉ်းသားတွေ မလွှတ်မချင်းသံသယတွေရှိနေဆဲဘဲလို့လည်း သူကရေးသားပါတယ်။

နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးဖို့ မျှော်လင့်ခဲ့ကြတာတနှစ်ကျော်ပါပြီ။ ရွေးကောက်ပွဲမလုပ်ခင် လွှတ်တော်အစည်းအဝေးမခေါ်ခင် အစိုးရအဖွဲ့ ကျမ်းမကြိန်ခင် လွှတ်များပေးမလားလို့ မျှော်လင့်ခဲ့ကြတာပါ။ အဲဒီတုန်းက ဘာမှဖြစ်မလာပေမယ့် အခုလို လွှတ်တော် အစည်းအဝေးပြီးဆုံးကာနီးချိန် ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပကာနီးချိန်မှာတော့ တကယ့်အပြောင်းအလဲဖြစ်မယ့် လက္ခဏာတွေပြသနေတယ်လို့ဆောင်းပါးရှင် Larry Jargen ကဆိုပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်မှုဟာ အပြည်ပြည် ဆိုင်ရာက တိုင်းတာတဲ့ နိုင်ငံရေးရေချိန် တခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ခရီးစဉ်ကို ရွှေ့ဆိုင်းခဲ့တဲ့ အာဆီယံအလှည့်ကျသဘာပတိအင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဟာ မြန်မာပြည်ကိုမကြာမီလာရောက်မှာဖြစ်ပါတယ်။ သိပ်မကြာခင်မှာ အာဆီယံအဖွဲ့ကမြန်မာနိုင်ငံကို အာဆီယံအလှည့်ကျသဘာပတိအဖြစ် ၂၀၁၄ ခုနှစ်မှာတာဝန်ထမ်းဆောင်ဖို့ အတည်ပြုကြေညာပါတော့မယ်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုရဲ့ အထူးသံကိုယ်စားလှယ် Mr.Derek Michell ကလည်း မြန်မာနိုင်ငံကို မကြာမီကလာရောက်စဉ် နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ရေးကိစ္စ ပြောဆိုခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်တွင်းနိုင်ငံရေးအင်အားစုတွေကလည်း အကြီးအကျယ်တောင်းဆိုလျှက်ရှိတာကြောင့် ဦးသိန်းစိန်အစိုးရဟာ သူဟာတကယ်ဘဲ အပြောင်းအလဲကို လိုလားပါတယ်ဆိုတာပြသရမယ့်အနေအထားရောက်နေတယ်လို့လည်း ဆောင်းပါးရှင် Larry Jargen က ရေးသားပါတယ်။

အဓိကပြဿနာဟာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအာဏာဟာဗိုလ်ချုပ်မှူးကြီးသန်းရွှေလက်ထက်မှာလို တသွေးတသံတမိန့် မဟုတ်တော့ဘဲ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်ပြီး မြန်မြန်ပြောင်းလဲလိုသူတွေနဲ့ဒါကို ဆန့်ကျင်သူဆိုပြီးနှစ်ဂိုဏ်းကွဲနေတာဖြစ်တယ်လို့လည်းဆောင်းပါးရှင်က ဆိုပါတယ်။ သူတို့ကိုယ်သူတို့ တံခါးဖွင့်ထားသူလို့ ခေါ်ဆိုတဲ့ အမြန်ပြောင်းလဲရေးကို လိုလားသူတွေက ဦးသိန်းစိန်ရဲ့ခြေလှမ်းတွေကို ထောက်ခံနေပေမယ့် သဘောထားတင်းမာသူတွေလို့အမည်ရတဲ့သူတွေကတော့အလျင်မြန် ပြောင်းလဲတာကိုစိတ်ပူပန်နေကြပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်တာဟာ မတည်မငြိမ်ဖြစ်စေတယ်လို့လည်း သူတို့က ယူဆပါတယ်။

ထိပ်တန်းအစိုးရ အရာရှိကြီးတဦးက နိုင်ငံရေးအပြောင်းအလဲတွေလုပ်ဖို့ ဆန့်ကျင်သူ အရာရှိကြီးတွေ အများအပြားရှိနေသေးတယ်လို့ သူ့ကိုပြောကြောင်း Larry Jargen က ဆိုပါတယ်။ ဒါကြောင့် အပြောင်းအလဲ လုပ်လိုသူတွေအနေနဲ့ သတိကြီးကြီးထား လုပ်နေရကြောင်းလည်း သူ့ကိုပြောတယ်လို့ ဆိုပါတယ်။ ပြုပြောင်းလဲရေးသမားတွေ အပေါ်စီးက ရောက်လာမှသာ မြန်မာနိုင်ငံမှာ နိုင်ငံရေးအပြောင်းအလဲကို မြင်ရမှာလို့လည်း ဆောင်းပါးရှင်က ဆိုပါတယ်။

အခြေအနေဟာ မကြာမီလည်း ပြောင်းလဲကောင်း ပြောင်းလဲနိုင်ပါတယ်။ ထူးခြားတဲ့ ဖြစ်ရပ်တခုကတော့ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့အဆိုကို တင်သွင်းတုန်းက ကွန်ပြူတာပျက်နေလို့လက်ထောင်ဆန္ဒပေးကြပါတယ်။ အဆိုရှုံးတော့မယ့်အခြေအနေမှာ လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အစည်းအဝေးကို ၁၅ မိနစ် ခေတ္တရပ်ဆိုင်းလိုက်ပါတယ်။ အဲဒီအချိန်မှာ တပ်မတော်သား ကိုယ်စားလှယ်တွေကို ဦးရွှေမန်းက အဆိုကိုထောက်ခံဖို့ နားချပြီး အစည်းအဝေးကိုပြန်စခဲ့ပါတယ်။

အစည်းဝေးစစချင်းတပ်မတော်သားကိုယ်စားလှယ်တွေ အားလုံးက ထောက်ခံမဲပေးသလို အတိုက်အခံတွေကလည်း ထောက်ခံမဲပေးတဲ့အခါမှာတော့ကြံ့ဖွံ့ကိုယ်စားလှယ်တွေ အားလုံးကလည်းထောက်ခံကြရပါတော့တယ်။ ဒါပေမယ့် သဘောထားတင်းမာသူတွေမှာတခုကောင်းရှိနေပြန်ပါတယ်။ အဲဒါကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဖြစ်ပါတယ်။ သူဟာ နိုင်ငံအကျဉ်းသားတွေကို မလွှတ်ချင်သူလို့ ကျော်ကြားပါတယ်။ ရွေးကောက်ပွဲအပြီးကာလမှာ ဗိုလ်ချုပ်မောင်အေးနဲ့ ဗိုလ်ချုပ်ရွှေမန်းတို့ဟာ သူ့ကို ချဉ်းကပ်ဖူးပါတယ်၊ ဒါပေမယ့်သူက ပယ်ချခဲ့ပါတယ်။

ဦးသိန်းစိန် သမတ မဖြစ်ခင်ကလေးမှာလည်း ဗိုလ်ချုပ်မောင်အေးက တခါတင်ပြပေမယ့် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ဖို့ကိစ္စကို ဦးသန်းရွှေက ပယ်ချခဲ့ပါတယ်။ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးခဲ့ရင် အပြည်ပြည်ဆိုင်ရာ မိသားစုဆီက အထူးကျေးဇူးတွေ တုန့်ပြန်ရရှိမှာမို့ ဦးသိန်းစိန်နဲ့ဦးရွှေမန်းတို့က လွှတ်ပေးဖို့ လိုလားပေမယ့်လည်း ဦးသန်းရွှေရဲ့ အမျက်ဒေါသကို ကြောက်နေရသေးတယ်လို့ ဆောင်းပါးရှင် Larry Jargen က ရေးသားပါတယ်။

ဒါကြောင့် လောလောဆယ်မှာ နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးရေးဟာ တောင်မတင် ရေမကျ ဖြစ်နေပါသေးတယ်။ ဘာဘဲဖြစ်ဖြစ် မဝေးတော့တဲ့ အနာဂါတ်မှာ နိုင်ငံရေးအကျဉ်းသားတွေ လွတ်မြောက်မယ့် အရိပ်လက္ခဏာရှိနေပါတယ်။ ဒါပေမယ်လည်း အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်လို့ အစုအလိုက် အပြုံလိုက် ထောင်က နေထွက် လာတာမျိုးတော့ တွေ့ရမှာ မဟုတ်ဘူးလို့ ဆောင်းပါးရှင် Larry Jargen က ရေးသားထားပါတယ် ခင်ဗျာ။ ❖❖❖❖❖




**စက်တင်ဘာ ၁၈ | AFP ॥ ॥** မြန်မာသည် ကောင်းသောဖက်သို့ ပြုပြင်ပြောင်းလဲနေသည့် အရိပ်အရောင်မြင်ကြောင်းဟု ဒေါ်အောင်ဆန်းစုကြည်မှ ဆို၏။

**စက်တင်ဘာ ၁၉ | TKY ॥ ॥** ရောဝတီမြစ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးသည် မြန်မာနိုင်ငံသားတိုင်း၏ အမြင့်ဆုံးသော အမျိုးသားရေးတာဝန်တရပ်ဖြစ်သဖြင့် ဂျပန်ရောက်မြန်မာများသည် ဂျပန်တွင် လုံခြုံရေးတင်းကျပ်လှသည့်အကြားမှ ယခင်လုပ်ရပ်များလိုပဲ တရုတ်၏ ရေကာတာစီမံကိန်းစသည်များဆန့်ကျင်ရေး ဆက်လက်ကြိုးပမ်းမည်ဟု NDF ဂျပန်မှ ကြေညာ၏။

**စက်တင်ဘာ ၁၉ | Rtrs ॥ ॥** ပုဂ္ဂလိက ဘဏ်အချို့အား နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ခွင့်ပြုခဲ့၏။

**စက်တင်ဘာ ၁၉ | Zee News ॥ ॥** ဘန်ကီမွန်းသည် ကမ္ဘာ့ခေါင်းဆောင်များနှင့် ဆွေးနွေးရာ မြန်မာနိုင်ငံခြားရေးဝန်ကြီးနှင့်လည်း ဆွေးနွေးခဲ့၏။

**စက်တင်ဘာ ၁၈ | VOA ॥ ॥** ဘန်ကီမွန်းသည် မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အထွေထွေညီလာခံ၏ အစွယ်အဖြစ် တွေ့ဆုံ၏။

**စက်တင်ဘာ ၁၉ | AsiaNews.it ॥ ॥** ပုပ်ရဟန်းမင်းကြီး၏ကိုယ်စားလှယ် Mgr Giovanni d'Aniello သည် မန္တလေးတွင် archdiocese သို့လှည့် လည်ကြည့်ရှုကြောင်း ရောင်နီဦးမှ သတင်းသုံးသပ်၏။

**စက်တင်ဘာ ၁၉ | Irrawaddy ॥ ॥** ရောဝတီမြစ် မြစ်ဆုံဆည်ရေးရာ ဝမ်ရှော့ မျက်ဆုံရှင်းလင်းဆွေးနွေးပွဲတွင် နေပြည်တော်ဝန်ကြီးများအတွင်းလည်း သဘောကွဲလွဲမှုများ ဖြစ်ခဲ့ပြီ တရုတ်အဖွဲ့လည်း မျက်နှာမသာကြောင်း။

**စက်တင်ဘာ ၁၉ | Irrawaddy ॥ ॥** တရုတ်သံရုံးရှေ့တွင် ဆန္ဒပြပွဲများကျင်းပမည့် အလားအလာများကြောင့် အစောင့်အကျပ်များကို ပိုမိုထားရှိထား၏။

**စက်တင်ဘာ ၁၉ | Mizzima ॥ ॥** မြန်မာနိုင်ငံ၏ဘတ်ဂျက်နှစ် ၂၀၁၁–၁၂ တွင် လိုငွေ ဒေါ်လာဘီလီယံ ၂.၇ ပြနေကြောင်း စာရင်းဌာနမှ ပါလီမံသို့တင်ပြ၏။

**စက်တင်ဘာ ၁၉ | Mizzima ॥ ॥** ဇွန်လတွင် မုန်တိုင်းကြောင့် ကောင်းကင်တိုင်ပျက်စီးခဲ့၍ အသံတိတ်နေသော Tai Freedom Radio သည် ယခုပြုပြင်ပြီးဖြစ်၍ ရှမ်းများအတွက် လွတ်လပ်မှုအားပေးသည့် မျှော်လင့်ချက်တခုဖြစ်၏။

**စက်တင်ဘာ ၁၉ | Irrawaddy ॥ ॥** မြစ်ဆုံဆည်ဆောက်ရေးနောက်မဆုတ်လိုသူ ဝန်ကြီးဦးဇော်မင်းသည် ၁၉၉၈ ခရစ်တီကျွန်းအား ဗိုလ်ချုပ်သန်းရွှေအမိန့်ဖြင့် ကြည်း၊ ရေ၊ လေတပ်ဖြင့် တိုက်ခိုက်၍ အပြစ်မဲ့ နိုင်ငံသားအား ၈၁ ဦးသတ်ဖြတ်ခဲ့ကြောင်း ထိုစဉ် တာဝန်အပေးခံခဲရသူတဦးဖြစ်သူ ဗိုလ်မှူးဟောင်းဦးအောင်လင်းထွတ်မှ ထုတ်ဖေါ်ရေးသား၏။

**စက်တင်ဘာ ၂၀ | Radio Australia ॥ ॥** မြန်မာတွင် သတင်းစာလွတ်လပ်မှုပေးရန် သတင်းထောက်များအား ကယ်တင်ရေးကော်မတီ CPJ ဦးအောင်ဇော် (ရောဝတီ)နှင့် ပြည်ပမြန်မာသတင်းလောကမှ တောင်းဆို၏။

**စက်တင်ဘာ ၂၀ | VNA ॥ ॥** မြန်မာအား အာဆီယံပါလီမန်များအဖွဲ့ AIPA သို့ အပြည့်အဝအဖွဲ့ဝင်အဖြစ် လက်ခံခဲ့၍ အဖွဲ့များစွာမှ မကြေနပ်ကြောင်း။

**စက်တင်ဘာ ၂၀ | AP ॥ ॥** မြန်မာသည် သတင်းလောက ပိတ်ပင်မှုအဆိုးဆုံးနိုင်ငံဖြစ်ကြောင်း Committee to protect Jpurnalists ဆို၏။

**စက်တင်ဘာ ၂၀ | Kompas ॥ ॥** ၂၀၁၄ တွင် မြန်မာအား အာဆီယံဥက္ကဋ္ဌအဖြစ် ဖိတ်ခေါ်ခြင်းပြုရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လူထုအဖွဲ့များ၏ အသံနှင့်သဘောထားများသည်လည်း ဩဇာသက်ရောက်မည်ဟု အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးမှဆို၏။

**စက်တင်ဘာ ၂၀ | Sydney Herald ॥ ॥** အာရပ်တွင်ဖြစ်ခဲ့သည့် လူထုတော်လှန်ရေးမျိုးသည် မြန်မာတွင် မဆီလျော်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း။

**စက်တင်ဘာ ၂၀ | --- ॥ ॥** အောက်တိုဘာ ၄ တွင် သမိုင်းဝင်မည့် နှစ် ၁၀၀ ကျော်က ဗြိတိန်အမှုထမ်းဟောင်းတဦး တလကျော်ကြာ မြန်မာပြည်တွင် ရိုက်ယူထားသည့် ပုံ ၁၂၀ စီပါ အတွဲ ၅၀၃ ရှိ ရှေးခေတ်ဟောင်း ဓါတ်ပုံအတွဲလိုက် ဗြိတိန်တွင် လေလံတင်ရောင်းချမည်။

**စက်တင်ဘာ ၂၀ | Sydney Herald ॥ ॥** အာရပ်တွင်ဖြစ်ခဲ့သည့် လူထုတော်လှန်ရေးမျိုးသည် မြန်မာတွင် မဆီလျော်ဟု ဒေါ်အောင်ဆန်းစုကြည်မှဆိုကြောင်း။

**စက်တင်ဘာ ၂၀ | DVB ॥ ॥** အောက်တိုဘာ ၄ တွင် သမိုင်းဝင်မည့် နှစ် ၁၀၀ ကျော်က ဗြိတိန်အမှုထမ်းဟောင်းတဦး တလကျော်ကြာ မြန်မာပြည်တွင် ရိုက်ယူထားသည့် ပုံ ၁၂၀ စီပါ အတွဲ ၅၀၃ ရှိ ရှေးခေတ်ဟောင်း ဓါတ်ပုံအတွဲလိုက် ဗြိတိန်တွင် လေလံတင်ရောင်းချမည်။

**စက်တင်ဘာ ၂၀ | RSF ॥ ॥** မြန်မာအစိုးရသည် ယူတျူးဘ်၊ ရောဝတီ၊ ဗွီအိုအေ၊ ဘီဘီစီ၊ ရိုက်တာ၊ ဘန်ကောက်ပို့စ်၊ အမေအေ့ ဤ်ဇာနျုယဵ္ဌယ္မံဗ ဝက်ဘ်စိုက်များအားဖွင့်ပေးခဲ့သော်လည်း နှေးကွေးလှပြီး အခြားဝက်ဘ်ဆိုက်များဖွင့်ရန် များစွာလိုသေးကြောင်း ႏုစသမအနမ္ဖ ငအ့သကအ္တ သမိနမျ မှဆို၏။

**စက်တင်ဘာ ၂၀ | The Diplomat ॥ ॥** မြန်မာသည် အာဏာရှင်လက်အောက်တွင်သာ ဆက်လက်ရှိနေ၍ စီးပွားရေးသမားများသည် မိမိတို့ ရင်းနှီးမြှုပ်နှံမှုများကို မြန်မာတွင် မမြှုပ်နှံသင့်ဘဲ အခြားတွင် မြှုပ်နှံသင့်ကြောင်း Burma Independence in London ၏ ဒါရိုက်တာ ဦးဇော်နေအောင်မှဆို၏။

**စက်တင်ဘာ ၂၀ | Irrawaddy ॥ ॥** ကချင်လွတ်မြောက်ရေးတပ် KIA အား မြစ်ဆုံဆည်သို့ သွားမည့် တရုတ်မှဆောက်လုပ်ရေးပစ္စည်းသယ်ကားများအား လမ်းမပိတ်ဆို့ရန် ဦးသိန်းစိန်အစိုးရသစ်မှ သတိပေးလိုက်သည်။

**စက်တင်ဘာ ၂၀ | Irrawaddy ॥ ॥** ကန်ချနာဘူရီမှ နေ၍ ထားဝယ်ဖက်သို့သွားမည့် Ital Thai Development (ITD) ယဉ်များအား ကေအင်ယူတပ်များမှ လမ်းပိတ်ဆို့ထားကြောင်း ကေအင်ယူမှဆို၏။

**စက်တင်ဘာ ၂၀ | Mizzima ॥ ॥** ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးအရာရှိများအား လူထုမှ ရွေးချယ်ခွင့်မရဘဲ မြို့နယ်များမှ ရွေးချယ်တင်ပြ၍ လမ်းဦးစီးများမှ ရွေးချယ်မည့် ဥပဒေကြမ်းကို အောက်လွှတ်တော်မှ အတည်ပြုခဲ့ကြောင်း။

**စာမျက်နှာ ၁၃ သို့**

# အာရပ်ကမ္ဘာ အပြောင်းအလဲမျိုးနဲ့ မြန်မာ့နိုင်ငံရေး အဖြေရှာမရနိုင်

**RFA ၊ စက်တင်ဘာ ၁၈ ။** ။ မြန်မာနိုင်ငံမှာ အပြုသဘောအပြောင်းအလဲတွေရှိနေပြီး အာရပ်ကမ္ဘာက လူထုဆန္ဒပြပွဲတွေလို လူထုအုံကြွမှုတွေဟာ မြန်မာ့နိုင်ငံရေးပြဿနာကို အဖြေရှာပေးနိုင်မှာ မဟုတ်ဘူးလို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။

AFP သတင်းဌာနနဲ့ သီးသန့် တွေ့ဆုံမေးမြန်းရာမှာ ဒေါ်အောင်ဆန်းစုကြည်က အခုလိုပြောကြားခဲ့တာဖြစ်ပြီး မြန်မာအစိုးရသစ်ဟာ ဒီမို ကရေစီအသွင်ကူးပြောင်းဖို့ အမှန်တကယ် ဆန္ဒရှိပုံရတယ်လို့လည်း ပြောကြားခဲ့တယ်လို့ AFP သတင်းက ဒီကနေ့ ရေးသားပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ အရင်ကတည်းက ဒီသဘောထားမျိုးရှိပါတယ်လို့ NLD ပြောခွင့်ရသူ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဒီသဘောထားတွေနဲ့ ပတ်သက်ရင် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ကျနော်တို့ကို ရှင်းပြတာရော၊ ကျနော်တို့နဲ့ တွေ့ဆုံစကားပြောတာ ဒီသဘောထားအတိုင်းရှိပါတယ်။ အာရပ်ကမ္ဘာမှာ ဖြစ်နေတဲ့ဟာမျိုးပုံစံတူ ဒီတိုင်းပြည်မှာဖြစ်ဖို့လည်း မျှော်လင့်စရာမရှိဘူးလို့ ကျနော်တို့ နားလည်ထားပါတယ်။ ဒါက နဂိုတည်းက ရှိပြီးသား သဘောထားဖြစ်တယ်လို့ ကျနော်ပြောနိုင်ပါတယ်"

ဒေါ်အောင်ဆန်းစုကြည်နဲ့ AFP မေးမြန်းချက်မှာ မြန်မာ့နိုင်ငံရေးမှာ အပြုသဘောအပြောင်းအလဲတွေရှိနေကြောင်း၊ ဒါပေမယ့် မိမိတို့အားလုံးလွတ်လပ်နေပြီ၊အလုံးစုံလွတ်လပ်နေပြီလို့ပြောလို့မရကြောင်း၊ အဲဒီလိုအခြေအနေရောက်ဖို့ လုပ်စရာတွေအများကြီးရှိနေသေးကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ဖြေကြားထား ပါတယ်။

မိမိအနေနဲ့ သတိရှိတဲ့ အကောင်းမြင်ဝါဒရှိသူတဦးပီပီ ဒီအတိုင်းပဲ ဆက်ရှိနေမှာဖြစ်ကြောင်း၊ သမ္မတဦးသိန်းစိန်ဟာ အပြောင်းအလဲအမှန်တကယ်လုပ်ဆောင်လိုတဲ့သူလို့ မိမိယုံကြည်ကြောင်း၊ ဒါပေမယ့် သူ ဆန္ဒရှိသလိုအပြောင်းအလဲ တကယ်ဖော်ဆောင်နိုင်စွမ် ရှိမရှိကတော့ မိမိတို့သတိထား ဆန်းစစ်သွားဖို့ လိုကြောင်းလည်း ဒေါ်အောင်ဆန်းစုကြည်က ပြောပါတယ်။

လစ်ဗျားနိုင်ငံနဲ့ပတ်သက်လို့ ပြောကြားရာမှာ လက်ရှိ လစ်ဗျားမှာဖြစ်နေတဲ့ ပြဿနာတွေဟာ အချိန်ကာလ တခုအထိ ဆက်ရှိနေမယ်ဆိုတာ လူတိုင်းသိကြောင်း၊ အစိုးရဟောင်းက လူအားလုံးကို ရှင်းလင်းနိုင်ခဲ့ပြီး အစိုးရသစ်ဖွဲ့နိုင်ပေမယ့် တိုင်းပြည်အတွင်း အာဃာတနဲ့ အမုန်းတရားတွေ ကျန်နေပြီး စိတ်အနာတရတွေ ကုစားဖို့ အချိန်တွေ အများကြီး ကြာမြင့်မှာဖြစ်ကြောင်း ဖြေကြားထားပါတယ်။

စစ်မှန်တဲ့အပြောင်းအလဲဖြစ်လာဖို့ အချိန်အများကြီးလိုကြောင်း ၊ဒါ့ကြောင့် အပြောင်းအလဲကို တွေ့ဆုံညှိနှိုင်းပြီး ငြိမ်းချမ်းတဲ့ နည်းနဲ့သာ လုပ်ကိုင်ဖို့ မိမိမှာဆန္ဒရှိကြောင်း ဒေါ်အောင်ဆန်းစုကြည်ကဖြေကြားထားပါတယ်။

---

# သမဂ္ဂများဖွဲ့ခွင့် မပေးနိုင်ကြောင်း ဦးသိန်းစိန်အစိုးရသစ်ပြောဆို

**DVB ၊ စက်တင်ဘာ ၂၁ ။** ။ အလုပ်သမားသမဂ္ဂ၊ လယ်သမားသမဂ္ဂနဲ့ ကျောင်းသားသမဂ္ဂ စတဲ့ လူမှုအဖွဲ့အစည်းတွေကို လက်ရှိအခြေအနေအရ ဖွဲ့စည်းခွင့် မပေးနိုင်သေးဘူးလို့ အစိုးရသစ်က ပြောကြားလိုက်ပါတယ်။

အစိုးရသစ် ပြောရေးဆိုခွင့် အဖွဲ့ ခေါင်းဆောင် ပြန်ကြားရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဦးကျော်ဆန်းက ဒီလ ၂၁ ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမှာ တစည ပါတီရဲ့ တိုက်ကြီးမဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းရဲ့ အလုပ်သမား၊ လယ်သမား သမဂ္ဂအဖွဲ့အစည်းတွေနဲ့ဆိုင်တဲ့ မေးခွန်းကို ဖြေကြားစဉ် ပြောကြားလိုက်တာပါ။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ပေါ်ပေါက်ခဲ့တဲ့ သမဂ္ဂ အဖွဲ့အစည်းတွေထဲမှာ နိုင်ငံရေးသမားတွေရဲ့ ဝင်ရောက်သွေးခွဲမှုတွေရှိခဲ့ပြီး ပြဿနာပေါင်းစုံဖြစ်ခဲ့ရတယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ဒါကြောင့် လက်ရှိအခြေအနေမှာ ဒီအဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့် မပေးနိုင်တာဖြစ်တယ်လို့ ပြောကြားခဲ့ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးက ပြောပြပါတယ်။

"ကျောင်းသားသမဂ္ဂတို့၊ လယ်သမားအစည်းအရုံးတို့ အလုပ်သမားအစည်းအရုံးတို့ အဲဒါမျိုးတွေကို ဒီအချိန်မှာ ဖွဲ့လို့မဖြစ်နိုင် သေးဘူး။ ဖွဲ့မယ်ဆိုရင် အတိတ်က ပြဿနာမျိုးတွေ မဖြစ်ရအောင် လူထုလူတန်းစား အဖွဲ့တွေကို ဖွဲ့စည်းတဲ့အခါတိုင်း အဲဒီကိစ္စတွေကို ထည့်စဉ်းစားပြီး ဥပဒေ၊ နည်းဥပဒေတွေကို သေချာစွာပြဋ္ဌာန်းပြီးမှ ဖွဲ့သင့်တယ်လို့ ပြောတာပါ။"

ဝန်ကြီးရဲ့ ပြောဆိုချက်တွေထဲမှာ ဒီအဖွဲ့အစည်းတွေကို အစိုးရက ရေးဆွဲပေးမယ့် ဖွဲ့စည်းပုံဥပဒေတွေအပြင် အစိုးရအဖွဲ့ရဲ့ နောက်မှာရှိရမယ်ဆိုတဲ့ အချက်တွေလည်း ပါဝင်နေပါတယ်။

ဒီအပေါ်ကိုလည်း ကိုယ်စားလှယ်က "ကျနော့်အမြင်ကတော့ ဒီမိုကရေစီခေတ်မှာ အဲဒီလိုကန့်သတ်ချက်တွေ မထားသင့်ဘူးလို့ မြင်တယ်။ လွတ်လပ်တဲ့ အခြားအစည်းအရုံးတွေကို ဖော်ထုတ်သင့်တယ်။ စည်းမျဉ်း စည်းကမ်းတွေနဲ့ သူ့ဟာနဲ့သူတော့ ရှိမှာပေါ့။ ဒါပေမယ့် အစိုးရရဲ့ အောက်မှာမဟုတ်ဘဲ သူ့ဟာသူ သီးခြားပေါ်ပေါက်လာမယ့်ကိစ္စတွေမှာ အလုပ်သမားက တဖွဲ့ပဲရှိရမှာတို့ အစိုးရရဲ့နောက်မှာ ရှိရမှာတို့ အဲဒါမျိုးမဖြစ်သင့်ဘူး။ လွတ်လွတ်လပ်လပ်နဲ့ နည်းဥပဒေတွေနဲ့အညီ ဖွဲ့သင့်တယ်လို့ ယူဆတယ်" လို့ ပြောပါတယ်။

ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နေပါတယ်ဆိုတဲ့ အစိုးရလက်ထက်မှာ ဒီအဖွဲ့အစည်းတွေကို အစိုးရသစ်အနေနဲ့ ဖွဲ့စည်းခွင့် မပေးသေးတဲ့အပေါ် နားမလည်နိုင်ဘူးလို့ ဒီမိုကရက်တစ် အင်အားစု ကိုယ်စားလှယ်အချို့က ပြောဆိုနေကြပါတယ်။

ပြီးခဲ့တဲ့ ပြည်သူ့လွှတ်တော် အစည်းအဝေးမှာ အလုပ်သမားဝန်ကြီး ဦးအောင်ကြည်တင်သွင်းတဲ့ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့် ဥပဒေမူကြမ်းကိုလည်း လွှတ်တော်က အတည်ပြုခဲ့တာကြောင့် ပြန်ကြားရေးဝန်ကြီးရဲ့ ပြောဆိုချက်ဟာ အစိုးရအဖွဲ့ရဲ့ လုပ်ဆောင်ချက်နဲ့ ကွဲလွဲမှုရှိနေတယ်လို့လည်း ကိုယ်စားလှယ်တွေက ဝေဖန်နေပါတယ်။



# သတင်းတိုထွာဖတ်စရာ

## တနေ့ကို ၁၃ ဒေါ်လာ

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်မှာ နိုင်ငံရေးအဖိနှိပ်ဆုံးနိုင်ငံအဖြစ် ရှိနေဆဲလို့ယူဆကြပါတယ်။ ဒါပေမယ့် လတ်တလောနိုင်ငံရေး အခင်းအကျင်းအရ အနည်းငယ် တင်းကျပ်မှုတွေလျော့လာသယောင်ရှိလို့ နိုင်ငံခြားသားခရီးသည်တွေ မြန်မာနိုင်ငံကိုအလာများနိုင်တယ်လို့ အငှားကားဒရိုင်ဘာတယောက်က Al Jazeera သတင်းထောက်ကို ပြောပြပါတယ်။ တနေ့ကို ၁၃ ဒေါ်လာရမှသာ ကလေးသုံးယောက်နဲ့ သူ့မိသားစုစားဝတ်နေရေးအဆင်ပြေရုံပဲရှိတယ်လို့ ဆိုပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေများလာရင်တော့ သူ့တို့အတွက် အဆင်ပြေစရာရာတွေရှိနိုင်တယ်လို့လည်းဆိုပါတယ်။ (Al Jazeera 13 Sep,2011)

## သတင်းသမားများကို လွှတ်ပေးပါ

မြန်မာနိုင်ငံမှာ သတင်းစာနယ်ဇင်းအချို့ အနည်းအကျဉ်းလွတ်လပ်ခွင့် ရှိလာပြီလို့ဆိုပေမယ့် ပိုမိုလွတ်လပ်ခွင့်ပေးဖို့ကို ဩစတြေးလျားရေဒီယိုက တောင်းဆိုကြောင်း Radio Australia သတင်းစာဖော်ပြပါတယ်။ သတင်းသမားနဲ့အင်တာနက်ဘလော့ကာသမား ၂၅ ယောက်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်းကလည်း သတင်းလွတ်လပ်ခွင့်ဆိုတာကို ဝေဖန်းစရာဖြစ်နေပါတယ်။ မီဒီယာတင်းကျပ်တဲ့ဥပဒေကို ဖျက်သိမ်းပြီး သတင်းသမားများကို ချက်ချင်းလွှတ်ပေးသင့်တယ်လို့လည်း The Committee to Protect Journalists အဖွဲ့က တောင်းဆိုလိုက်ပါတယ်။ (Radio Australia 13 Sep,2011)

## မိအေး နှစ်ပြားမတန်

သုံးဘီးအငှားကား မောင်းနှင်ရင်း "မိအေး နှစ်ပြားမတန်" နိုင်ငံရေးသီချင်းဖွင့်တဲ့အတွက် ရဲက ဖမ်းဆီးလိုက်ပါတယ်။ စစ်တွေမြို့ လယ်ခေါင်မှာ အငှားကားမောင်းလုပ်စားနေတဲ့ ကိုထွန်းထွန်းစိုးကို ရဲက ဖမ်းဆီးသွားပြီးနောက် ရဲစခန်းကိုခေါ်သွားပြီး အမှုဖွင့်လိုက်တယ်လို့ဆိုပါတယ်။ ဖမ်းဆီးထားစဉ် အငှားသုံးဘီးမှ ရဲများက ဓါတ်ဆီသုံးဂါလံဖောက်ယူထားလိုက်ပြီး စပီကာနဲ့စီဒီအောက်စက်တလုံးကိုလည်း သိမ်းထားလိုက်ပါတယ်။ (RFA 22 Sep,2011)

## ကားဈေး ကမောက်ကမဖြစ်

မန္တလေးမြို့ကားဈေးကွက်မှာ လင်ခရူဆာကားသိန်း ၃၆၀၀ ကနေ သိန်း၂၀၀၀၊ ရွှေငါးက သိန်း ၁၃၀၀ ကနေ သိန်း ၆၅၀၊ ဆူပါစလွန်း သိန်း ၂၀၀ ကနေ သိန်း ၁၀၀၊ မာခ့်တူးကား သိန်း ၈၀၀ ကနေ သိန်း ၅၀၀ အထိ ကျဆင်းသွားတယ်လို့ဆိုပါတယ်။ အဟောင်းပယ်ဖျက် အသစ်အစားထိုးတင်သွင်းခွင့်အစီအစဉ်ကြောင့် အခုလိုကားဈေးတွေ ကမောက်ကမဖြစ်ရတယ်လို့ ကားပွဲစားတွေက ပြောပါတယ်။ ယခင်ကားအဟောင်း ၈ ဆ ဇ လေးဘီးကားများကို သိန်း ၈၀ ကျော်ပေးဝယ်ယူနေတယ်လို့ဆိုပါတယ်။ (MMT 23 Sep,2011)

## နယူးကလီးလက်နက်မလုပ်နိုင်ပါ

မြန်မာနိုင်ငံတွင် နယူးကလီးလက်နက်ထုတ်လုပ်နိုင်စွမ်းမရှိကြောင်းနဲ့ စီးပွားရေးအခြေအနေအရလည်း ပြည့်စုံမှုမရှိကြောင်း မြန်မာနိုင်ငံမှာ IAEA ကိုယ်စားလှယ် ဦးတင်ဝင်းမှ International Atomic Energy Agency ရဲ့ ဗုဒ္ဓဟူးနေ့အစည်းအဝေးမှာ ပြောဆိုလိုက်တာဖြစ်ပါတယ်။ ယခင်နှစ်များက အမေရိကန်မှ မြန်မာအစိုးရကို မြောက်ကိုရီယားမှ နယူးလီးယားဆိုင်ရာ နည်းပညာတွေကို ရယူခဲ့တယ်လို့စွပ်စွဲထားတာဖြစ်ပါတယ်။ (AP- 22 Sep,2011)

## ရဲဘက် အကျဉ်းစခန်းကို KIO ဝင်စီး

ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ရဲ့တပ်ဖွဲ့များဟာ ရှမ်းပြည်နယ် မူဆယ်မြို့နယ်အတွင်းရှိ ရွှေပြည်သစ်ရဲဘက်အကျဉ်းစခန်းကို ဝင်ရောက်စီးနင်းကာ အကျဉ်းသား ၅၅ ဦးကိုလွှတ်ပေးလိုက်ပါတယ်။ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဖြစ်တဲ့ စက်တင်ဘာ ၂၁ ရက်နေ့ မွန်းလွဲပိုင်းမှာ မူဆယ်မြို့နယ်အတွင်းရှိ ဒီအကျဉ်းစခန်းအနီး KIO တပ်ဖွဲ့များ သွားလာလှုပ်ရှားနေစဉ် အကျဉ်းစခန်းလုံခြုံရေးများကစတင်ပစ်ခတ်ရာက အခုလိုဝင်ရောက်စီးနင်ရတဲ့အထိ ဖြစ်ခဲ့ရတယ်လို့ KIO ပြောခွင့်ရ ဦးလနန်ကပြောပါတယ်။ (Mizzima- 22 Sep,2011)

## တရုတ်ကို ဆန္ဒပြသူ ဖမ်းဆီး

ရန်ကုန်မြို့ တရုတ်သံရုံးအနီးမှာ တကိုယ်တော်ဆန္ဒပြတဲ့သူတယောက်ကို ရဲများက ဖမ်းဆီးလိုက်ပါတယ်။ "မြစ်ဆုံစီမံကိန်းကို ချက်ချင်းရပ်" စာသားကို ကိုင်ထားပြီး ဆန္ဒပြတာဖြစ်ပါတယ်။ ဆန္ဒပြသူ ကိုအောင်သိန်းခေါ် ကိုကျော်ဝင်းဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ် ဆန္ဒပြမှုများကို စစ်တပ်မှ ပစ်ခတ်ပြီးရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခဲ့ပြီးနောက် အခုဆန္ဒပြမှုဟာ ထူးခြားတယ်လို့ဆိုရပါမယ်။ (AFP- 22 Sep,2011)

## ဒုက္ခသည် ၁၀,၀၀၀ ကျော်ခေါ်ယူမည်

အမေရိကန်အစိုးရမှ ထိုင်း မြန်မာနယ်စပ်တလွှားရှိ စစ်ပြေးဒုက္ခသည်တွေကို ဆက်လက်ကူညီသွားမယ်လို့ ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Kenney ကပြောဆိုပါတယ်။ လွန်ခဲ့တဲ့ ၆ နှစ်အတွင်း နယ်စပ်ဒုက္ခသည်ပေါင်း ၆၀,၀၀၀ ကျော်ကို အမေရိကန်နဲ့ ဩစတြေးလျားနိုင်ငံတို့မှ ခေါ်ယူနေရာချထားပေးပြီးဖြစ်ပါတယ်၊ ဆက်လက်ပြီး အမေရိကန်မှနောက်ထပ် ၁၀,၀၀၀ ကျော်ကို ထပ်မံခေါ်ယူဖို့အစီအစဉ်ရှိကြောင်းလည်း Mr.Kenney က ထန်ဟင်းဒုက္ခသည်စခန်းကအပြန်မှာပြောဆိုပါတယ်။ (The Nation- 22 Sep,2011)

## သာဓုခေါ်နိုင်ရန်

အမေ့အိမ်ပညာဒါနကျောင်း (လှိုင်သာယာ)မှ ကလေးငယ်များအားလုံးကို ဗလာစာအုပ်နှင့် စာရေးကရိယာများ၊ အဟာရမုန့်နဲ့ အအေးတို့ကို ကလေးတဦးချင်းစီအား မိမိတို့ရဲ့မွေးနေ့မှာ ကြင်နာစွာလာရောက် ကျွေးမွေးလှူဒါန်းခဲ့တဲ့ အဆိုတော် သံသာဝင်းနဲ့ အနဂ္ဂတို့အား လေးစားဂုဏ်ယူကြောင်းနဲ့ ဖြူစင်မွန်မြတ်တဲ့ အလှူဒါနဖြစ်တဲ့အတွက် စာဖတ်သူအားလုံ သာဓုခေါ်နိုင်ရန် မျှဝေလိုက်ပါတယ်။ (VOB- 20 Sep,2011)

# လယ်သမားတွေတင်ပြချက် တရားလွှတ်တော်ချုပ်ကို လျှောက်ထားမှု ပယ်ချ

**DVB ၊ စက်တင်ဘာ ၂၂။** ။ ရန်ကုန်တိုင်းက လယ်သမားတွေက သူတို့ရဲ့ လယ်ယာမြေတွေကို သိမ်းယူဖို့ ပြင်ဆင်နေတဲ့အပေါ် နေပြည်တော်က တရားလွှတ်တော်ချုပ်ကို သွားရောက် လျှောက်ထားရာမှာ ပယ်ချလိုက်ပါတယ်။

ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်က လယ်သမားတွေ သက်ဆိုင်ရာက သူတို့ လယ်မြေတွေကိုသိမ်းဖို့ အလံစိုက်တာ လယ်ကွက်တွေထဲက သီးနှံတွေ ပျက်စီးစေတာတွေကို ကူညီဖြေရှင်းပေးဖို့ နေပြည်တော်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးကို သွားရောက်ပြီး အမှုခေါ် စာချွန်တော် တင်သွင်းခဲ့တာပါ။

လယ်သမားတွေဘက်က လူငယ်ရှေ့နေ ကိုဖိုးဖြူက လိုက်ပါဆောင်ရွက်တာဖြစ်ပြီး ဒီကနေ့ နေ့ခင်းပိုင်း တင်သွင်းချက်ကို ချက်ချင်း ပယ်ချလိုက်တယ်လို့ ရှေ့နေ ကိုဖိုးဖြူက ပြောပါတယ်။

"ကျနော်တို့ အမှုခေါ်စာချွန်တော် တင်ပြီးသွားပါပြီ။ ညွှန်ချုပ်ဦး မြသိန်းကနေပြီး ဒါကို လက်မခံသင့်ဘူးဆိုပြီး ပယ်လိုက်ပါတယ် ခင်ဗျ။"

အမှုခေါ်စာချွန်တော်တင်ရတဲ့ အကြောင်းကတော့ ၂၀၁၁ ခုနှစ် ဇူလိုင်လပိုင်းမှာ ကြေးတိုင်းနဲ့ မြေစာရင်းရုံးက ဒဂုံဆိပ်ကမ်းမြို့နယ် ရေလယ်သောင်ကျွန်း၊ လဟာရပ်လယ်ကွင်းမှာရှိတဲ့ လယ်သမား ၁၅ ဦးရဲ့ လယ်မြေဧက ၂၀၀ ခန့်ကို အလံတိုင်တွေစိုက်သွားတာကို ဥပဒေနဲ့ မညီလို့ အမှုခေါ်ပေးဖို့ တင်ပြတာလို့ ကိုဖိုးဖြူက ရှင်းပြပါတယ်။

ဒီနှစ်ဧပြီလပိုင်းမှာလည်းကောင်းမြန်မာပန်းပုကုမ္ပဏီလီမိတက်ကနေ ပန်းပုကျေးရွာ ထူထောင်မယ် ဆိုပြီးတော့ လယ်ကေနစ်ဆယ်ကျော်ပေါ်ကို သဲတွေမှုတ်တင်ခဲ့တာကြောင့် သီးနှံတွေ ပျက်စီးခဲ့ရသေးတယ်လို့ ဆိုပါတယ်။

ညွှန်ချုပ်ဦးမြသိန်း ပယ်ချခဲ့တဲ့ အကြောင်းရင်းတွေနဲ့ ပတ်သက်လို့ ရှေ့နေကိုဖိုးဖြူက အခုလို ပြောပါတယ်။

"တရားလွှတ်တော်ချုပ်ကနေပြီး အမိန့်စာလိုအပ်တယ်ဆိုပြီး ဆုံးဖြတ်တာက တကယ့်လက်တွေ့ဘဝနဲ့ ကွာဟနေတယ်။ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ဆိုရင်လည်း သဘာဝယုတ္တိ ဥပဒေယုတ္တိ အလွန်ပဲကင်းမဲ့နေတယ်။ ကျမ်းကျိန်မပါဘူးဆိုတဲ့ အချက်က အမှန်ပါပဲ။

ကျနော်တို့တွေက ကျမ်းကျိန်တွေကိုပြုလုပ်တယ်။ ရန်ကုန်တိုင်း တရားလွှတ်တော် ကျမ်းကျိန်အရာရှိ အပါအဝင် ရန်ကုန်တိုင်း တရားလွှတ်တော်တရားသူကြီးဆီကို လျှောက်ထားပေမယ့် ကျနော်တို့ကို ကျမ်းကျိန်ပေးခြင်း မရှိပါဘူး။ ဒါကြောင့်မို့လို့ တောင်သူလယ်သမား ၁၅ ဦးက ကျမ်းကျိန်ပေးတာကို ခံယူရခြင်းမရှိဘဲ ပြန်လာခဲ့ရပါတယ်။"

ဒီကိစ္စကို ပြည်သူ့လွှတ်တော်က တရားစီရင်ရေးနဲ့ ဥပဒေရေးရာဥက္ကဋ္ဌနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးတွေကို ထပ်မံတင်ပြသွားဖို့ ရှိတယ်လို့ ကိုဖိုးဖြူက ပြောပါတယ်။

# ရန်ကုန်တရုတ်သံရုံးရှေ့ဆန္ဒပြသူကို ဖမ်း

**RFA ၊ စက်တင်ဘာ ၂၀ ။** ။ မြစ်ဆုံရေကာတာ တည်ဆောက်မှုနဲ့ ပတ်သက်ပြီး ရန်ကုန်မြို့ တရုတ်သံရုံးရှေ့မှာ ဒီကနေ့ တစ်ကိုယ်တော် ဆန္ဒပြမှု တစ်ခုဖြစ်ခဲ့တယ်လို့ RFA က စုံစမ်း သိရပါတယ်။

တစ်ကိုယ်တော် ဆန္ဒပြခဲ့သူရဲ့အမည်က ကိုအောင်သိန်းခေါ် ကိုကျော်ဝင်းဖြစ်ပြီး ဒီကနေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်မှာ အာဏာပိုင်တွေက ဖမ်းဆီးသွားပြီး အခုဒဂုံမြို့နယ်ရဲစခန်းမှာ စစ်ဆေးနေတယ်လို့ တရုတ်သံရုံးရှေ့ကို ရောက်ရှိခဲ့တဲ့ ရန်ကုန်မြို့ခံ သတင်းထောက်တဦးက RFA ကို ပြောပြပါတယ်။

"သူက ဧရာဝတီစီမံကိန်းကို ချက်ချင်းရပ်ဆိုတဲ့ စာသားကို ကိုင်ထားတယ်လို့ပြောတယ်။ နောက်ဆုံးသိရတာကတော့ ဒဂုံရဲစခန်းမှာ စစ်ဆေးနေတယ်လို့ သတင်းကြားတယ်"

အမေရိကန် နိုင်ငံသားဖြစ်ပြီး ရနောင်းကနေ ဝင်လာသူ တောင်ဥက္ကလာ ၇ ရပ်ကွက် ၁၁ လမ်းနေ အဘဦးနောင်တင်လှရဲ့သား လို့လည်း သိရပါတယ်။

အခုလို တစ်ကိုယ်တော်ဆန္ဒပြမှု ဖြစ်ခဲ့တဲ့အတွက် လူတစ်ဦးဖမ်းဆီးခဲ့တဲ့အကြောင်း တရုတ်သံရုံးက ယဉ်ကျေးမှုဌာနအနီးမှာ ဖမ်းဆီးခဲ့တာဖြစ်ကြောင်း အမည်မဖော်လိုတဲ့ ရဲတပ်ဖွဲ့ဝင် တဦးကို ကိုးကားပြီး ရန်ကုန် AFP သတင်းက ရေးပါတယ်။

# လူ့အခွင့်အရေးဆွေးနွေးပွဲ ပြုလုပ်

**RFA ၊ စက်တင်ဘာ ၂၀ ။** ။ HRDP လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများကွန်ရက်က ဦးဆောင်ပြီး မန္တလေးမြို့မှာ လူ့အခွင့်အရေးပညာပေးဆွေးနွေးပွဲတစ်ခု ကျင်းပခဲ့တယ်လို့ သိရပါတယ်။

ပြည်ကြီးတံခွန်မြို့မှာ ကျင်းပနေတာ ဖြစ်ပြီး (၃) ရက်ကြာဆက်လက်ပြုလုပ်သွားမယ်လို့ HRDP အဖွဲ့က ဦးစောဘန်ကူးက ကိုပြောပါတယ်။

"မန္တလေးမှာတော့ ဒီကနေ့ မနက် ၁၀ နာရီခွဲကနေစပြီးတော့ ၄ နာရီထိပေါ့ အလုပ်ရုံဆွေးနွေးပွဲလုပ်ပါတယ်"

HRDP အဖွဲ့ဟာ လူ့အခွင့်အရေး အသိပညာရေး ဆွေးနွေးပွဲတွေကို မကြာခင်က မိတ္ထီလာမြို့မှာ (၃) ရက်ကြာကျင်းပခဲ့ပြီး၊ မကြာမီ ရှမ်းပြည်နယ်အထိ သွားရောက်ပြုလုပ်ဖို့ စီစဉ်ထားတယ်လို့ အဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပါတယ်။

ဆွေးနွေးပွဲကို ပုလိပ်၊ မြစ်သား၊ အမရပူရစတဲ့ မန္တလေးတိုင်း ၁၀ မြို့နယ်က လူ့အခွင့်အရေး လှုပ်ရှားသူနဲ့ စိတ်ဝင်စားသူ ၃၀လောက် တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

လောလောဆယ်အထိတော့ ဦးသိန်းစိန် အစိုးရလက်ထက်မှာ HRDP အဖွဲ့ရဲ့လှုပ်ရှားမှုတွေကို အာဏာပိုင်တွေဘက်က တားဆီးနှောင့်ယှက်တာ မရှိသေးဘူးလို့ ဦးမောင်မောင်လေးက ပြောပါတယ်။

အရင် စစ်အစိုးရလက်ထက်မှာတော့ HRDP အဖွဲ့ရဲ့လှုပ်ရှားမှုတွေကို နှောင့်ယှက်တာ၊ အဖွဲ့ဝင်တွေကို ရိုက်နက် ဖမ်းဆီးထောင်ချတာတွေ ဆိုးဆိုးဝါးဝါးရှိပြီး၊ အဖွဲ့ခေါင်းဆောင် ရှေ့နေ ဦးမြင့်အေးကိုလည်း ထောင်သွင်းအကျဉ်းချထားခဲ့ပါတယ်။

**ပြကွဒိန်မှ**

**စက်တင်ဘာ ၂၁ | Asian Tribune || ||** မြွေမြွေချင်း ခြေမြင်သည်ဆိုသလို မြန်မာအချင်းချင်းအနေဖြင့် စစ်တပ်ချုပ်ကိုင်သည့် မြန်မာအစိုးရသည် စစ်မှန်သောပြောင်းလဲမှုနှင့် ဆွေးနွေးမှုပြုရန် ဆန္ဒမရှိကြောင်း ကမ္ဘောဇဝင်းမှ သတင်းဝေဖန်၏။

**စက်တင်ဘာ ၂၁ | Mizzima || ||** ၂၀၁၄ တွင် မြန်မာအား အာဆီယံအလှည့်ကျဥက္ကဋ္ဌနိုင်ငံနေရာကို မပေးရန် The Global Justice Center စသည့် အင်ဂျီအိုများမှ တောင်းဆို၏။

**စက်တင်ဘာ ၂၁ | Mizzima || ||** သင်္ကန်းကျွန်းတွင်းအသစ်ဖွင့်မည့် အောင်ဆန်းပင်လုံစာကြည့်တိုက်ဖွင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်အား တက်ရောက်ဖွင့်ပေးရန် ဖိတ်ကြားထားကြောင်း။

**စက်တင်ဘာ ၂၁ | DVB || ||** ဧရာဝတီမြစ်တွင် ဆည်ဆောက်စီမံကိန်းများရပ်တန့်ရန် စက်တင်ဘာ ၂၀ ရက်နေ့တွင် တရုတ်ယဥ်ကျေးမှုရုံးရှေ့၌ မြစ်ဆုံဆည်ရပ်တန့်ရေး တကိုယ်တော်ဆန္ဒပြခဲ့ ၄ဖ နှစ်ရွယ်လူငယ်ဦးအား ဖမ်းဆီးခဲ့ကြောင်း။

**စက်တင်ဘာ ၂၁ | IRIN || ||** မြစ်ဆုံဆည် ဆောက်ခြင်းရပ်တန့်ရေးအတွက် နိုင်ငံအနှံ့ထိုးမြဲလက်မှတ်များ ကောက်ခံလှုပ်ရှားမှုလုပ်နေကြောင်း။

**စက်တင်ဘာ ၂၁ | Asian Correspondent || ||** အာဆီယံ၏ AIPA တွင် မြန်မာအား အပြည့်အဝအဖွဲ့ဝင်အဖြစ်လက်ခံမှုအတွက် AIPA အား AIPMC မှ ပြစ်တင်ဝေဖန်၏။

**စက်တင်ဘာ ၂၁ | Mizzima || ||** မြစ်ဆုံဆည်စီမံကိန်းဆက်လက်လုပ်ဆောင်ရန် ပါလီမန်သဘောတူရုံဖြင့် မလုံလောက်ဟု ရခိုင်ပြည်နယ်တိုင်းရင်းသားများတိုးတက်ရေးပါတီ အပါအဝင် ပါတီဆယ်ခုမှ ဆို၏။

**စက်တင်ဘာ ၂၁ | DVB || ||** ရှမ်းပြည်နယ်တွင် လူများအပြင် ရဟန်းအချို့ကိုပါ အသေခံပုံးရှင်းသူများအဖြစ် မြန်မာစစ်တပမ်မှ သုံးခဲ့ကြောင်း ။

**စက်တင်ဘာ ၂၁ | DVB || ||** ဒေါ်အောင်ဆန်းစုကြည်သည် စက်တင်ဘာ ၁၄ တွင် နယ်ခြားစောင့်တပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းနှင့်အတူ အာဆီယံဘောလုံးအသင်း ဗိုလ်လုပွဲကြည့်ခဲ့၏။

**စက်တင်ဘာ ၂၂ | Irrawaddy || ||** ရန်ကုန်မြို့ ယောမင်းကြီးလမ်းတွင်ကျင်းပသော ဧရာဝတီမြစ်အား ကယ်တင်ရေးပန်းချီပြပွဲသို့ ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၏။

**စက်တင်ဘာ ၂၂ | UPI || ||** KDNG ကချင်တိုးတက်ရေးကွန်ယက်အုပ်စု၏စတင် မှတ်တမ်းတင်သတင်းပို့မှုဖြင့် ကမ္ဘာမှအာရုံပြုလာသည့် ဧရာဝတီမြစ် အကျိုးဆုပ်ယုတ်မဲ့ ရောကာတာလုပ်ငန်းကို မြန်မာသည် အထူးစောင့်ကြည့်လှုပ်ရှားရမည်ဟု ဇင်လင်းမှ ဝေဖန်တိုက်တွန်း၏။

**စက်တင်ဘာ ၂၂ | Irrawaddy || ||** KIA သည် ရှမ်းပြည်နယ် မူဆည်နှင့်ကွတ်ခိုင်အကြားရှိ အစိုးရ၏အကျဥ်းထောင်အလုပ်ကြမ်းစခန်းသို့ဝင်စီး၍ အကျဥ်းသားအားလုံးအား လွှတ်ပေးလိုက်ကြောင်း။

**စက်တင်ဘာ ၂၂ | DVB || ||** ယခင်လကုန်မှစ၍ အစိုးရခွင့်ပြုဘဏ် ငါးခုသည် နိုင်ငံခြားငွေလဲလှယ်ခွင့်ရမည်။

**စက်တင်ဘာ ၂၂ | DVB || ||** မြန်မာသည် လက်ရှိအခြေအနေများအရ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ သမဂ္ဂများတည်ထောင်ရန် အချိန်မဟုတ်သေးကြောင်း ဝန်ကြီးဦးကျော်ဆန်းမှဆို၏။

**စက်တင်ဘာ ၂၂ | DVB || ||** ဝတပ်များနှင့်ဆွေးနွေးမှု မပြေလည်ရပ်ဆိုင်းခဲ့သည့်အချိန်မှစ၍ ပြန်လည်ခေါ်ယူထားသော ဝန်ထမ်း ၁၀၀ ခန့်ကို မကြာမီ ဝပြည်နယ်ဖက်သို့ ပြန်လွှတ်မည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၂၂ | Irrawaddy || ||** အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး Marty Natalegawa မြန်မာသို့လာရန်ခရီးစဥ်ကို ကြည့်၍ မြန်မာအား အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာပေးရန် အခွင့်ပိုများလာစေသည်ဟု အချို့မှ ထင်ကြေးပေးနေကြောင်း။

**စက်တင်ဘာ ၂၂ | Irrawaddy || ||** မြန်မာစစ်တပ်တွင် အသက်မပြည့်စစ်သည်မရှိဘဲ သူပုန်တပ်များတွင် သာရှိကြောင်း ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်လှမင်းမှ မိန့်ခွန်းများတွင် ဆက်တိုက်ဆို၏။

**စက်တင်ဘာ ၂၂ | LDN || ||** Royal Institute of International Affairs သည် ယခုနှစ် UK Chatham House ၏ ဆုရှင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်အား ရွေးချယ်လိုက်၏။

**စက်တင်ဘာ ၂၂ | BBC || ||** မျှော်မှန်းသည်ထက် ကျော်လွန်သော ပြောင်းလဲမှုများလုပ်နေသော မြန်မာခေါင်းဆောင်သစ်ကို အားပေးရန် ကမ္ဘာသည် မြန်မာသို့လက် ဆန့်သင့်ကြောင်း International Crisis Group မှ ၏ အာရှအစီအစဥ် ညွှန်ကြားရေးမှူး ရောဘတ်တင်ပလာ မှဆို၏။

**စက်တင်ဘာ ၂၂ | UPI || ||** ဧရာဝတီမြစ်နှင့် မြစ်လက်တက်များ တလျှောက်တည်ဆောက်မည့် မြစ်ဆုံဆည်နှင့် ဆည် ဖ ခုကို ပြည်သူများ ကန့်ကွက်နေသည့်ကြားမှ အစိုးရသည် ဆက်ဆောက်ရန် ဆုံးဖြတ်ကြောင်း။

**စက်တင်ဘာ ၂၂ | AFP || ||** လွတ်လပ်မှုခလေးခြေလှမ်း စလှမ်းနေသော မြန်မာအား မျက်ခြေမပြတ်ရန် ကမ္ဘာအား ဒေါ်အောင်ဆန်းစုကြည်မှ နျူးယောက် Clinton Global Initiative အပြည်ပြည်ဆိုင်ရာ ကွန်ဖရင့်သို့ တိုက်ရိုက် မြန်မာမှတိုက်ရိုက်လွှင့်သော ဗွီဒီယိုဖြင့် သတိပေး၏။

**စက်တင်ဘာ ၂၂ | VIENNA-(AP) || ||** မြန်မာသည် နျူကလီယားလက်နက်ထုတ်လုပ်ရန် ငွေအင်အားမရှိဟု မြန်မာ အဆင့်မြင့်သံတဦးမှဆို၏။

**စက်တင်ဘာ ၂၂ | The Nation || ||** မြန်မာမှ ဒုက္ခသည်တသောင်းအား ခေါ်ယူမည့်အပြင် ထိုင်းရှိမြန်မာမှ ဒုက္ခသည်များအားလည်း အမေရိကန်နိုင်ငံသည် ဆက်လက်ကူညီမည်ဟု သန်ဟင်းမ် ဒုက္ခသည်စခန်းသို့လာရောက်ကြည့်ရှုသူ အမေရိကန်သံအမတ် ကန်နီ မှဆို၏။

**စက်တင်ဘာ ၂၂ | Bernama || ||** မြန်မာမှ ခိုးဝင်လာသူ ၁၃ ဦးအား မလေးရှားလူဝင်မှုမှ ဖမ်းဆီးခဲ့၏။ သူတို့အား ကားနှင့်သယ်ပို့ပေးသူနှင့် သူတို့တည်းခိုနေသည့် အိမ်ရှင်တို့အားလည်း အရေးယူမည်ဖြစ်ကြောင်း။

**စက်တင်ဘာ ၂၃ | Asia Sentinel || ||** မြန်မာအစိုးရသည် တိုင်းပြည်တိုးတက်ရန်အခြား ဘာဘဲလုပ်နေနေ မိမိတို့မှန်ကန်သောပြောင်းလဲမှုလုပ်နေသည်ဟု ကမ္ဘာမှ လက်ခံနိုင်ရန်အရေးအကြီးဆုံးလုပ်ရန်ဖြစ်သည့်လူ့အခွင့်အရေးပါရဂူ ကင်တားနားပြောသလို နိုင်ငံရေးအကျဥ်းသားများအား လွှတ်ရန်လိုအပ်ကြောင်း Lin Neumann မှ သတင်းဝေဖန်၏။

**စက်တင်ဘာ ၂၃ | India InfoNews || ||** အိန္ဒိယမှ ထွန်စက်ကုမ္ပဏီ Sonalika သည် သည် မြန်မာတွင် ဖြန့်ချီရေးလုပ်ငန်း ဖွင့်နိုင်ခဲ့ကြောင်း။

# သက်တမ်းလွန်ကားများ အစား ကားသစ်သွင်းခွင့်ပြုလို့ ဒေါ်လာဈေးပြန်တက်

**Mizzima ၊ စက်တင်ဘာ ၂၃ ။** ။ မြန်မာနိုင်ငံတွင် သက်တမ်းလွန် ကားများ ကားသစ်လဲ တင်သွင်းခွင့် ပြုလိုက်သည့်နောက် အမေရိကန် ဒေါ်လာဈေးများ ပြန်လည်ထိုးတက်သွားရာ သောကြာနေ့တွင် အမေရိကန်ဒေါ်လာနှင့်မြန်မာငွေလဲနှုန်းမှာ တဒေါ်လာလျှင် ကျပ် ၈၃၀ ဝန်းကျင်သို့ ရောက်ရှိသွားသည်။

သက်တမ်းလွန် ကားများ ဖျက်ဆီးပစ်ရန် ယာဉ်သက်တမ်း နှစ် ၂၀ နှင့် အထက်ရှိ ကားဟောင်းအား ပြန်လည်အပ်နှံပါက အမေရိကန် ဒေါ်လာ ၅,၀၀၀ ထက် မပိုသည့် ကားများတင်သွင်းခွင့် ပါမစ်တခုအစား ထိုးပေးမည်ဟု ပို့ဆောင်ရေး၊ မီးရထားနှင့်၊ စက်မှု ၂ ဝန်ကြီးသုံးဦးက စက်တင်ဘာ ၁၁ နေ့တွင် သတင်းစာရှင်းလင်းပွဲဖြင့်ကြေငြာခဲ့သည်။

အစောပိုင်းကထွက်ရှိသောညွှန်ကြားချက်တခုတွင်အမေရိကန် ဒေါ်လာ ၃,၅၀၀ ထက်မပိုသော ကားများကိုသွင်းရန် ကန့်သတ်ခဲ့သော်လည်း ကန့်သတ်ချက်ကို မြှင့်တင်မှုမှာ သတင်းစာရှင်းလင်းပွဲတွင် အတည်ဖြစ်သွားခဲ့သည်။

ထို့ပြင် အစိုးရဘဏ်များတွင် တရားဝင် နိုင်ငံခြားငွေစုဆောင်းထားရှိပါက နိုင်ငံခြားတွင် တရားဝင်သွားရောက် အလုပ်လုပ်နေသူများ နှင့် သင်္ဘောသားများအပါအဝင် နိုင်ငံခြားပို့ကုန် လုပ်ငန်း၊ ဟိုတယ် ခရီးသွား လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကိုလည်း မော်တော်ယာဉ် ဝယ်ခွင့်ပါမစ် ခွင့်ပြုပေးသွားမည်ဖြစ်သည်။

ထိုအစီအစဉ်အရ ကားဟောင်းများ စတင်လက်ခံသည့် စက်တင်ဘာ ၁၉ ရက်နေ့ ညနေပိုင်းမှာပင် ဒေါ်လာဈေးနှုန်းမှာ ကျပ်၈၉၀ သို့ တက်သွားခဲ့သည်။ ထို့နောက် ဈေးပြန်ကျလာပြီး ကျပ် ၈၄၀ ဝန်းကျင်တွင် အတက်အကျ ဖြစ်နေခဲ့သည်။ သောကြာနေ့တွင်တဒေါ်လာလျှင် ဝယ်ဈေး ၈၃၀ကျပ် နှင့် ရောင်းဈေး ၈၁၅ ကျပ်ဖြင့် ဈေးဖွင့်ခဲ့သည်။

"ဈေးကွက်ကျဉ်းတော့ အဝယ်နည်းနည်း အေးတာနဲ့ ချက်ချင်း ကျတယ်၊ ဈေးအရမ်း ကစားတော့ မခွာလို့ မရတော့ဘူး။ တနေ့ကို သုံးလေးမျိုး ပြောင်းနေတာ" ရန်ကုန်တိုင်း တာမွေမြို့နယ်ရှိ နိုင်ငံခြားငွေ ဝယ်ရောင်း လုပ်ငန်းရှင်တဦးက ပြောသည်။

ဝယ်လိုအားကို လိုက်၍ တရက်အတွင်း ငွေလဲနှုန်း မကြာခန ပြောင်းလဲနေသဖြင့် ဝယ်ဈေးနှင့် ရောင်းဈေးမှာ ၁၅ ကျပ်ခန့်ကွာဟသွားခဲ့ကြောင်း သူကဆိုသည်။ ပုံမှန်အားဖြင့် ဝယ်ဈေး၊ ရောင်းဈေးတွင် အများဆုံး ငါးကျပ်ခန့်သာ ကွာဟလေ့ ရှိသည်။

၂၀၀၉ နှစ်ကုန်ပိုင်းမှ စတင်ကာ တစစ ကျဆင်းလာခဲ့သည့် ပြည်တွင်း ဒေါ်လာဈေးမှာ ဩဂုတ်အတွင်း တဒေါ်လာလျှင် ကျပ် ၆၈၀ သို့ စံချိန်တင် ကျဆင်းသွားခဲ့ပြီး ပို့ကုန် လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း ဌာနများ၊ ပြည်ပတွင် အလုပ် လုပ်ကိုင်သူများနှင့် ပြည်တွင်းရှိ FEC လခစားများ အထိနာခဲ့သည်။

ထို့နောက်ပြည်ပပို့ကုန်လုပ်ငန်းများကိုပို့ကုန်ခွန်ကင်းလွတ်ကာ အမြတ်ခွန် နှစ်ရာခိုင်နှုန်းသာ ပေးဆောင်စေပြီးပြည်တွင်း၊ ပြည်ပမှ မြန်မာနိုင်ငံသားများ ပေးဆောင်ရမည့် ဝင်ငွေခွန်ကို ၁၀ ရာခိုင်နှုန်းမှ၂ရာခိုင်နှုန်းသို့ ခြောက်လတာ လျှော့ချရန် ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြောင်းလဲ သတ်မှတ်ခဲ့သည်။

ငွေလဲနှုန်း တရားဝင် သတ်မှတ်ရန် စီစဉ်နေဆဲမှာပင် ကမောက်ကမဖြစ်နေသည့် ဒေါ်လာဈေးကို ဦးမော့လာစေရန် ကားတင်သွင်းခွင့်ဖြင့် တဘက်တလမ်း ကုစားခြင်းဖြစ်ကြောင်း စီးပွားရေးပညာရှင် ဦးခင်မောင်ညို (ဘောဂဗေဒ) က ပြောသည်။

"ဒါကတော့ ရေတိုပေါ့၊ ရေရှည်အတွက် နိုင်ငံခြား ကုန်သွယ်ရေး လွပ်လပ်ခွင့် ပေးနေတာတွေ ဒါတွေလည်း တွဲလုပ်နေတာပဲ။ ရေတိုက မလုပ်ဘဲနဲ့လည်း ထားလို့မရဘူး"ဟု ဦးခင်မောင်ညိုက မဇ္ဈိမကို ပြောသည်။

ဒေါ်လာဈေးအပြောင်းအလဲမှာ ကားပါမစ် ကိစ္စတွင် မူတည်နေကြောင်းကို ဦးခင်မောင်ညို (ဘောဂဗေဒ) က "ကားဝယ်လို့မြတ်မယ်လို့ ယူဆနေသရွေ့ တက်နေမှာပဲ၊ တနေ့နေ့ ကားဝယ်လို့ မမြတ်တော့ဘူး ဆိုတာကိုရောက်သွားမယ်လို့ ယူဆတယ်" ဟု ဆိုသည်။

ကားပါမစ်အတွက် ဈေးကွက်အတွင်း ရောင်းဝယ်နေသည့် ဒေါ်လာဝယ်လိုအားအရ အမေရိကန် တဒေါ်လာလျှင်ကျပ် ၉၀၀ အထက်သို့ ရောက်ရန် မလွယ်ကူသေးကြောင်း စီးပွားရေး သတင်းများ ထုတ်ဝေခဲ့သည့် ရန်ကုန် အခြေစိုက် မြန်မာဓန မဂ္ဂဇင်း အယ်ဒီတာချုပ် ဦးသီဟစောက ပြောသည်။

"လိုနေတဲ့ နိုင်ငံခြားငွေဝယ်လိုအားက သန်းရာဂဏန်း ကျော်တယ်၊ တကယ်ရှိနေတဲ့ (ဝယ်လိုအား) ဒေါ်လာက နည်းလည်းလေးဘဲ ဆိုတော့ အဲဒါကို အများကြီး ဆွဲတင်ဖို့ဆိုတာ မဖြစ်နိုင်ဘူး" ဟု ဦးသီဟစောက ပြောသည်။

ဒေါ်လာဈေး ပြန်လည် မြင့်တက်စေရန် ပြည်တွင်းဈေးကွက်မှ ဒေါ်လာများ ဝယ်နိုင်ကြောင်းနှင့် လဲလှယ်နှုန်းထားကို တဒေါ်လာလျှင် ကျပ် ၉၀၀ မှ ၁,၀၀၀ အကြား ပြောင်းလဲသတ်မှတ်ရန် သမ္မတအကြံပေးအဖွဲ့ဝင် စီးပွားရေးပညာရှင်ဦးမြင့်၏ " မြန်မာကျပ်ငွေလဲလှယ်နှုန်း" စာတမ်းတွင် ထည့်သွင်း အကြံပြုထားသည်။

ထိုစာတမ်းကို မြန်မာအဆင့်မြင့် အာဏာပိုင်များသို့ ဇွန် ၂၅ ရက်၊ ၂၀၁၁ ခုနှစ်တွင် တင်ပြထားခဲ့ပြီး နေပြည်တော်၌ ဩဂုတ်လအတွင်း ကျင်းပခဲ့သည့် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားခဲ့သေးသည်။

ငွေလဲနှုန်းများကို ပြုပြင်ရန် ဆောင်ရွက်ရန်အတွက် နည်းလမ်းရှာအကူညီပေးရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှပညာရှင်များအောက်တိုဘာတွင် မြန်မာနိုင်ငံသို့ လာရောက်မည်ဖြစ်သည်။

တဒေါ်လာ ခြောက်ကျပ်နှုန်းကျော် သတ်မှတ်ထားသည့် တရားဝင်ငွေလဲနှုန်းပြောင်းလဲမှုကို ခြောက်လ အတွင်းဆောင်ရွက်ဖွယ်ရှိကြောင်းကို ဦးသီဟစောက "အခွန်လျှော့ပေးတာ ခြောက်လ သတ်မှတ်ထားတော့ ဒီခြောက်လအတွင်းမှာတော့ သူတို့အပြောင်းအလဲ ဖြစ်လာအောင် လုပ်မယ်လို့ထင်ပါတယ်"ဟု ပြောဆိုသည်။

✡✡✡✡✡

# မြစ်ဆုံစီမံကိန်း တရုတ်ကုမ္ပဏီ အရည်အသွေး စိစစ်ပေးဖို့ နိုင်ငံရေးပါတီတွေအကြံ

**VOA ၊ စက်တင်ဘာ ၂၀ ။** ။ ၂၀၁၀ ရွေးကောက်ပွဲမှာ ပါဝင်ခဲ့ကြတဲ့ ဒီမိုကရေစီ မိတ်ဆွေများပါတီ ၁၀ ပါတီက ဧရာဝတီ မြစ်ဆုံရေကာတာ စီမံကိန်းနဲ့ပတ်သက်တဲ့ အကြံပြုစာတမ်းတစောင်ကို မနေ့ကထုတ်ပြန်လိုက်ပြီး ဒီစာတမ်းမှာ ဒေသခံပြည်သူတွေနဲ့ တတ်ကျွမ်းတဲ့ ပညာရှင်တွေရဲ့အကြံပြုချက်တွေကိုဘက်စုံ၊ထောင့်စုံကလေ့လာညှိနှိုင်းဆောင်ရွက်ဖို့ တင်ပြထားပါတယ်။ ဒ့ါအပြင် ရေကာတာ တည်ဆောက်မယ့် တရုတ်ကုမ္ပဏီတွေရဲ့အရည်အသွေးကိုလည်း ထည့်သွင်းစဉ်းစားဖို့ လိုအပ်ကြောင်း အကြံပြုထားပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြထားပါတယ်။

အမျိုးသားဒီမိုကရေစီ အင်အားစု၊ ဒီမိုကရက်တစ်ပါတီ-မြန်မာ၊ ပြည်ထောင်စု ဒီမိုကရေစီပါတီ၊ ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးပါတီနဲ့ ရှမ်း၊ ကချင်၊ ကရင်၊ မွန်၊ ရခိုင် စတဲ့ တိုင်းရင်းသားညီနောင် ပါတီတွေပါဝင်တဲ့ ဒီမိုကရေစီမိတ်ဆွေများ ၁၀ ပါတီက ဧရာဝတီ မြစ်ဆုံစီမံကိန်းနဲ့ ပတ်သက်လို့ လွန်ခဲ့တဲ့ ၂ ရက်က စတင် ဆွေးနွေးပြီးတဲ့နောက် အကြံပြုစာတမ်းကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

ဒီအကြံပြုစာတမ်းမှာ လက်ရှိတည်ဆောက်နေတဲ့ ဧရာဝတီ မြစ်ဆုံစီမံကိန်းရဲ့ ကြီးမားကျယ်ပြန့်မှုနဲ့ အရေးကြီးမှုကို ဦးစွာ ဖော်ပြထားသလိုဒီလိုကြီးမားတဲ့စီမံကိန်းကြီးတည်ဆောက်မယ်ဆိုရင်ဒေသခံပြည်သူတွေနဲ့ကျွမ်းကျင်တဲ့ပညာရှင်တွေရဲ့ အကြံပြုချက်တွေကိုဘက်စုံ၊ ထောင့်စုံက လေ့လာညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်မယ်လို့ စာတမ်းမှာ တင်ပြထားကြောင်း ဒီမိုကရက်တစ်ပါတီ-မြန်မာရဲ့ ဥက္ကဋ္ဌဦးသုဝေက ပြောပါတယ်။

"ဒီလောက်ကြီးမားတဲ့စီမံကိန်းကြီးကိုအကျိုးအမြတ်တခုတည်းကို မကြည့်ဘဲနဲ့ ကျနော်တို့ တိုင်းရင်းသား လူမျိုးစုံ စုပေါင်းနေထိုင်တဲ့ နိုင်ငံရဲ့သမိုင်းကြောင်း ဆိုင်ရာနဲ့လည်း ဆက်စပ်နေတယ်။ အဲတော့ ပြည်သူတွေရဲ့လက်တွေ့ကျတဲ့ ဘဝအခြေအနေ ပြောင်းလဲနိုင်မှု၊ စိတ်ခံစားမှု၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်တွေ၊ ဘေးအန္တရာယ်တွေ၊ လုံခြုံရေးဆိုင်ရာအချက်အလက်တွေ၊ ကဏ္ဍစုံပေ့ါနော်၊ အဲဒါတွေကို ဆိုင်ရာ ကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ အဖက်ဖက်က လေ့လာညှိနှိုင်းပြီးတော့မှ ဆောင်ရွက်ဖို့လိုတယ်ဆိုတာကို ကျနော်တို့က ထောက်ပြလိုက်တယ်ပေ့ါဗျာနော်။"

ကျွမ်းကျင်တဲ့ ပညာရှင်တွေရဲ့လေ့လာချက်၊ အကဲဖြတ်ချက်၊ ကောင်းကျိုးဆိုးပြစ်တွေကို ပြည်သူတွေထံကို ပြည့်ပြည့်စုံစုံနဲ့အချိန်မီ သိရှိအောင် ထုတ်ပြန်ပေးဖို့ကိုလည်း အကြံပြု စာတမ်းမှာ တိုက်တွန်းထားပါတယ်။

ဒ့ါအပြင် မြစ်ဆုံဆည် တည်ဆောက်မယ့် တရုတ်ကုမ္ပဏီတွေရဲ့ အရည်အသွေးကိုလည်း ပြန်လည်ဆန်းစစ်ဖို့လိုကြောင်း ထောက်ပြထားတယ်လို့ ဦးသုဝေက ပြောပါတယ်။

"ဒီဆည်မြောင်းကြီးကို တည်ဆောက်တဲ့ တရုတ်ကုမ္ပဏီရဲ့ အရည်အသွေးကိုလည်း စဉ်းစားဖို့လိုပါတယ်လို့။ ဘာဖြစ်လို့လဲဆိုရင် တရုတ်ကုမ္ပဏီတွေဟာ တရုတ်ပြည်မှာတုန်းကလည်းပဲ ဆည်ကြီးပေါက်ပြီးတော့ သန်းပေါင်းများစွာအိုးအိမ်တွေပျက်ရတယ်၊ လူတွေသေသွားရတယ်ပေ့ါနော်။ အဲဒါတွေလည်း ထောက်ပြတယ်ပေ့ါနော်။နောက်တခုက တရုတ်ကဆိုရင်တခြားနိုင်ငံတွေကိုသိပ်ပြီးတော့အလေးမထားဘူးပေ့ါ။ ဥပမာအားဖြင့် မဲခေါင်မြစ်မှာဆိုရင် သူတို့ကဆည်ကြီးဆောက်တဲ့ အတွက်ကြောင့် လာအိုတို့၊ ကမ္ဘောဒီးယားတို့ ၊ ဗီယက်နမ်တို့က ရေအရနည်းလို့ ကန့်ကွက်နေကြတဲ့အကြောင်း ပေ့ါဗျာနော်။"

တရုတ်နိုင်ငံမှာ ၁၉၇၅ ခုနှစ် ဩဂုတ်လက မိုးများခဲ့တာကြောင့် ရှင်မင်တန်နဲ့ ဘန်ကျောင်းဆည် ကျိုးပေါက်ခဲ့တာကြောင့် လူ ၂၃၀,၀၀၀ အသက်ဆုံးရှုံးပြီး အိုးအိမ် ၆,၀၀၀,၀၀၀ နီးပါး ပျက်စီးခဲ့ရသလို ပြည်သူ ၁၁,၀၀၀,၀၀၀ လောက် ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

မြစ်ဆုံဆည် တည်ဆောက်ရာ နေရာဟာ စစ်ကိုင်း ပြတ်ရွေ့ လျှောကြောနဲ့ ဆက်စပ်နေတာကြောင့် လျှောကြောင့် မြစ်ဆုံဆည်ကို ထိခိုက်မယ်ဆိုရင်ပြည်သူတွေအသက်ဆုံးရှုံးနိုင်တယ် ဆိုတာကိုလည်း တင်ပြကြောင်း ဦးသုဝေက ပြောပါတယ်။

ဒီလိုအကြံပြုစာတမ်းတင်သွင်းရာမှာပါဝင်တဲ့ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ပြန်ကြားရေးတာဝန်ခံ စပ်စံမိန်းကတော့ ပြည်သူလူထုရဲ့ဆန္ဒကို အစိုးရက လက်ခံလိမ့်မယ်လို့ မျှော်လင့်ထားပါတယ်။

"ကျနော်တို့လုပ်မယ့်အလုပ်အားလုံးကတော့လွှမ်းခြုံမှုကတနိုင်ငံလုံးအတွက်ကိုး၊ ရှမ်းတိုင်းရင်းသား ကွက်ကွက်လေးမဟုတ်ဘူးလေ။ ဒါကြောင့် မြန်မာနိုင်ငံမှာရှိတဲ့ ပြည်သူအားလုံးက သဘောမကျဘူးဆိုရင်တော့ ဘယ်လိုပဲဖြစ်ဖြစ် ပြည်သူဘက်က ရပ်တည်ရမှာပေ့ါ။ ပြည်သူက ရွေးချယ် တင်မြှောက်လိုက်တဲ့ အစိုးရတခုကတော့ ပြည်သူရဲ့ ဆန္ဒကို သူတို့ဦးစားပေးရမှာပေ့ါ။ ကျနော်က အဲဒါကိုပဲ ဖြစ်စေချင်တယ်လေ။ ပြည်သူရဲ့ဆန္ဒကို လျစ်လျူရှုပြီးတော့မှ ဟိုတုန်းကလို တဖွတ်ထိုးလုပ်မယ့် အစိုးရမဟုတ်ဘူးလို့တော့ မျှော်မှန်းတာပေ့ါ ဗျာ။"

ဧရာဝတီမြစ်ဆုံဆည် စီမံကိန်းနဲ့ပတ်သက်ပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ညှိနှိုင်းဆောင်ရွက်ပြီး အကောင်းဆုံးအဖြေရှာဖို့ တိုက်တွန်းထားသလို စက်မှု ၂ ဝန်ကြီး ဦးစိုးသိန်းကလည်း ပြည်သူ့ဆန္ဒကို အလေးထားဆောင်ရွက်မှာဖြစ်ကြောင်း တရားဝင်သတင်းထုတ်ပြန်ထားပါတယ်။ နိုင်ငံတော်သမ္မတရဲ့ အကြံပေးအဖွဲ့ဝင် ဦးမြင့်ကလည်း မြစ်ဆုံဆည် စီမံကိန်းကို ဆက်မလုပ်စေချင်ကြောင်းနဲ့ သမ္မတဦးသိန်းစိန်ကို အကြံပြုထားကြောင်း The Voice Weekly ဂျာနယ်ရဲ့ အင်တာနက် စာမျက်နှာမှာ ဖော်ပြထားပါတယ်။

အမှတ် ၁ လျှပ်စစ်စွမ်းအားဝန်ကြီး ဦးဇော်မင်းကတော့ ဒီလ ၁၁ ရက်နေ့က မြစ်ဆုံဆည် စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်မယ်လို့ ပြောဆိုခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ အစိုးရနဲ့ လွှတ်တော် အဆုံးအဖြတ်ကို ခံယူပြီး ဥပဒေနဲ့အညီ ဆောင်ရွက်မှာဖြစ်ကြောင်း ပြောကြားထားပါတယ်။

# ငြိမ်းချမ်းရေး ဆန့်ကျင်သူများ ရှိနေကြောင်း ဒဂုန်တာရာပြောဆို

**Mizzimz ၊ စက်တင်ဘာ ၂၀ ။** ။ မြန်မာပြည်တွင်း ငြိမ်းချမ်းရေးအား ဆန့်ကျင်သူများရှိနေကြောင်း ငြိမ်းချမ်းရေး လှုပ်ရှားသူ စာရေးဆရာကြီး ဒဂုန်တာရာက ပြောဆိုလိုက်သည်။

"ပြည်တွင်းငြိမ်းချမ်းရေးကို ဆန့်ကျင်နေတဲ့ သူတွေရှိတယ်။ တပ်ထဲ မှာလည်းရှိတယ်။ အပြင်မှာလည်း ရှိသလားတော့ မသိဘူး။ ခပ်ဝါးဝါးထင်တာကတော့ ရှိတယ်လို့ထင်တယ်" ဟု မဇ္ဈိမကိုပြောသည်။

ယခုနှစ်အတွင်း ပြန်လည်သည်းသန်လာသည့် ပြည်တွင်းစစ်မီးအား ပိုမိုရှည်လျားသွားမည်ကို စိုးရိမ်ကြောင်းလည်း "ခု ပြန်ဖြစ်တယ်ဆိုတာ ကျနော်စိုးရိမ်တာက ဇာတ်ရှည်ကြီးဖြစ်မှာကို။ နှစ်ပိုကြာလာမှကို ကျနော်က မကြိုက်ဘူး။ ငြိမ်းချမ်းရေးကို ဆန့်ကျင်တာမှန်သမျှ ကျနော်က ဘာမှမကြိုက်ဘူး" ဟု ပြောသည်။

၁၉၅၀-၆၀ စုနှစ်များအတွင်းက ပြည်တွင်း ငြိမ်းချမ်းရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး လှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့် အသက် ၉၄ နှစ်အရွယ် ဒဂုန်တာရာအနေဖြင့် ပြည်တွင်း ငြိမ်းချမ်းရေးတွက် လုပ်နိုင်သည့် အခြေအနေများတွေ့ရှိနေရပြီး မျှော်လင့်ချက် ရှိကြောင်းလည်း ပြောသည်။

တကမ္ဘာလုံး အတိုင်းအတာဖြင့် တရက်တာ အပစ်အခတ်ရပ်စဲရန် ကုလသမဂ္ဂမှသတ်မှတ်ထားသည့် စက်တင်ဘာ ၂၁ ရက်နေ့ 'ကမ္ဘာ့ငြိမ်းချမ်းရေးနေ့'မှသည် အမြဲတမ်း အပစ်အခတ် ရပ်စဲဖို့ လိုအပ်ကြောင်းလည်း "ယယ်ယယ်တုန်း ကတော့ ငြိမ်းချမ်းရေးဆိုတာ ခပ်ဝါးဝါးခပ်ထွေးထွေးနဲ့။ ခုတော့ ငြိမ်းချမ်းရေးဆိုတာ ပြတ်ပြတ်သားသားနဲ့ထင်ထင်ရှားရှား သိလာရတာ။ ငြိမ်းချမ်းရေးမရှိရင် ဘာမှလုပ်လို့ မရဘူးဆိုတာ။ အမြဲတမ်းအပစ်အခတ်ရပ်စဲရေးဖြစ်စေချင်တယ်"ဟုဒဂုန်တာရာကပြောသည်။ သမိုင်းခေတ်များအား ဖြတ်သန်းခဲ့ရသည့် ဒဂုန်တာရာက သူ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု အတွေ့အကြုံများအား 'ကြာပန်းရေစင်' ဟူ၍ ဝတ္ထုတအုပ် ၁၉၆၃ ခုနှစ်က ရေးသားခဲ့ဖူးပြီး ဤစာအုပ်အား ပြန်လည်ထုတ်ဝေရန် စီစဉ်နေကြောင်း သိရသည်။

ထို့ပြင် 'ငြိမ်းချမ်းရေး' ခေါင်းစဉ်ဖြင့် ပိတောက်ပွင့်သစ် မဂ္ဂဇင်းအထူးထုတ်လည်း အောက်တိုဘာလအတွင်း ထုတ်ဝေရန် စီစဉ်နေကြောင်း သိရသည်။

"မည်သည့်အာဏာ၊ မည်သည့်ဖိနှိပ်မှုနဲ့မှ ငြိမ်းချမ်းရေးကိုရယူလို့မရဘူး။ စကားပြောမှ ရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့၊ ဦးသန့်တို့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေ၊ ပျက်ပြားခဲ့ရတာတွေအပြင် ဒီဘက်ခေတ်အထိ စစ်ပွဲတွေ ကိစ္စတွေရောပေါ့" ဟု အယ်ဒီတာ မောင်စိမ်းနီက မဇ္ဈိမကို ပြောသည်။

မြန်မာတနိုင်ငံလုံးရှိ စာပေအနုပညာရှင်များ၊ ဂီတပညာရှင်များအပြင် လက်လုပ်လက်စားများ၏ ငြိမ်းချမ်းရေးအပေါ် ခံစားချက်၊ ဖြတ်သန်းမှုအတွေ့အကြုံများအား မှတ်ချက်တိုများ၊ လက်မှတ်များဖြင့်ဖော်ပြသွားမည်ဖြစ်သည်။

ပိတောက်ပွင့်သစ် မဂ္ဂဇင်းသည် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်ကဲ့သို့ မြန်မာပြည်၏ အရေးပါသော မြစ်ကြီးများ ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် အထူးထုတ်များလည်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။

# မြန်မာကို အာဆီယံဥက္ကဋ္ဌပေးရေး ပြည်သူ့သဘောထား သိဖို့လိုအပ်

**VOA ၊ စက်တင်ဘာ ၂၀ ။** ။ မြန်မာနိုင်ငံလည်း အဖွဲ့ဝင်အဖြစ်ပါဝင်နေတဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ) ရဲ့ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံကို တာဝန်ပေးအပ်မယ့် ကိစ္စနဲ့ပတ်သက် လို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ လူမှုအခြေပြုအဖွဲ့အစည်းတွေရဲ့ သဘောထား အမြင်တွေကိုလည်းနားထောင်လိုတယ်လို့ လက်ရှိဥက္ကဋ္ဌတာဝန်ယူထားတဲ့ အင်ဒိုနီးရှား နိုင်ငံကပြောလိုက်ပါတယ်။

ပြီးခဲ့တဲ့ မတ်လကုန်မှာပဲ မြန်မာနိုင်ငံမှာ အသစ်တက်လာတဲ့ အစိုးရက ပြုပြင်ပြောင်းလဲမှုတွေလုပ်သွားဖို့ ကတိပြုခဲ့သလို မရှေးမနှောင်းမှာပဲ ၂၀၁၄ ခုနှစ်မှာ အာဆီယံရဲ့ အလှည့်ကျဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံက တာဝန်ယူဖို့လည်း ကမ်းလှမ်းထားတာပါ။

ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာနိုင်ငံရေး၊ လူ့အခွင့်အရေးအခြေအနေတွေဟာ ထင်သာမြင်သာ တိုးတက်မှု မရှိသေးတဲ့အတွက်ဥက္ကဋ္ဌတာဝန် မပေးသင့်ဘူးဆိုပြီး မြန်မာ့အရေး လှုပ်ရှားသူတွေနဲ့ ဝေဖန်သူတွေက တိုက်တွန်းနေကြတာဖြစ်ပါတယ်။

လက်ရှိအာဆီယံဥက္ကဋ္ဌအင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး မာတီနာတာလီဂါဝါ (Marty Natalegawa) ကတော့အခြေအနေတွေကို အကဲဖြတ်ဖို့အတွက်အောက်တိုဘာလထဲမြန်မာနိုင်ငံကို သွားရောက်ဖို့ စီစဉ်ထားတဲ့ အကြောင်းနဲ့ မြန်မာနိုင်ငံအတွင်းက ကွဲပြားတဲ့ အသံတွေကိုလည်း နားထောင်လိုတယ်လို့ AP သတင်းဌာနကို ပြောဆိုခဲ့တာပါ။

"ဒေါ်အောင်ဆန်းစုကြည်သာမက မြန်မာနိုင်ငံက လူမှုအခြေပြုအဖွဲ့အစည်းတွေရဲ့ အသံတွေကိုလည်း ကျနော်တို့ နားထောင်သွားဖို့ ဆန္ဒရှိပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း အာဆီယံ ဥက္ကဋ္ဌတာဝန်ယူရမယ့် အခွင့်အလမ်းကို အလွန်အမင်း လိုချင်နေတာ သိသိသာသာတွေ့နေရတာပါ။ ကျနော့်အနေနဲ့ကတော့ ဒီကိစ္စက မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေဖြစ်စေမယ့် ခြေလှမ်းကို အရှိန်ကောင်းလာအောင်၊ တွန်းအားဖြစ်လာအောင် လုပ်နိုင်မလား ဆိုတဲ့ အပေါ်မှာ လူမှုအဖွဲ့ အစည်း တွေက ဘယ်လိုရှုမြင်ကြသလဲ ဆိုတာတွေကို နားထောင်ချင်ပါသေးတယ်။"

၂၀၀၆ ခုနှစ်တုန်းက အာဆီယံအသင်း ဥက္ကဋ္ဌအဖြစ်မြန်မာနိုင်ငံ အလှည့်ကျစဉ်မှာတော့ နိုင်ငံရေး၊ လူ့အခွင့်အရေး အခြေအနေတွေ တိုးတက်မှုမရှိဘူးဆိုတဲ့ ဝေဖန်ခံရမှုတွေနဲ့အတူ တာဝန်ယူဖို့အတွက် မြန်မာနိုင်ငံဘက်က ငြင်းဆန်ခဲ့တာဖြစ်ပါတယ်။ နယူးယောက်မြို့မှာ ရောက်နေတဲ့ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးကတော့ အင်ဒိုနီးရှားနိုင်ငံကိုယ်တိုင်ကလည်း လွန်ခဲ့တဲ့ ၁၀ နှစ်လောက်တုန်းက အရှေ့တောင်အာရှမှာ အာဏာရှင်အဆန်ဆုံးတိုင်းပြည်တခုဖြစ်ခဲ့ပေမဲ့ အခုအခါမှာ ပြောင်းလဲလာတာတွေကို မြန်မာနိုင်ငံအတွက် စံနမူနာအဖြစ် ယူနိုင်တဲ့အကြောင်း မှတ်ချက်ပေးပြောဆိုသွားတာဖြစ်ပါတယ်။

# တောင်အာဖရိက စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်

## အပိုင်း ၁

**ခင်မမမျိုး**

တောင်အာဖရိကနိုင်ငံရဲ့ စေ့စပ်ဆွေးနွေးရေးဖြစ်စဉ်ဟာကမ္ဘာတဝှမ်းက နိုင်ငံရေးလေ့လာသူတွေ၊ နိုင်ငံရေးလက်တွေ့လုပ်ဆောင်နေသူတွေနဲ့ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအကြားမှာ ထင်ရှားကျော်ကြားလှပါတယ်။ (၁၉၉၀) ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့မှာတောင်အာဖရိကသမ္မတ F.W. de Klerk က နှစ်ပေါင်းများစွာ ထောင်သွင်းအကျဉ်းချထားတဲ့ အတိုက်အခံခေါင်းဆောင်မင်ဒဲလားကို လွှတ်ပေးလိုက်တဲ့အခါမှာ တောင်အာဖရိကပြည်သူများသာမက ကမ္ဘာကပါအံ့သြသွားခဲ့ကြပါတယ်။ မင်ဒဲလားကိုလွှတ်ပေးလိုက်မှုဟာ အပြောင်း အလဲတွေကို ဦးတည်လာပြီလားဆိုတာကို အဆိုးဘက်ကကော၊ အကောင်းဘက်ကပါ ဝေဖန်သုံးသပ်မှုတွေ ရှိလာခဲ့ကြပါတယ်။

### ပဋိပက္ခ သမိုင်းနောက်ခံ

(၁၆၅၂) ခုနှစ်မှာ ဒတ်ချ်အရှေ့အိန္ဒိယကုမ္ပဏီက Cape of Good Hope မှာ ဌာနခွဲတခု ဖွင့်လှစ်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ အာဖရိကတိုက်တောင်ပိုင်းဒေသမှာ လူဖြူတွေက ကိုလိုနီစနစ်နဲ့အုပ်ချုပ်မှုတွေပြုလုပ်လာပါတယ်။ သူတို့တွေကို Boers တွေလို့ သတ်မှတ်ခေါ်တွင်ကြပါတယ်။ သူတို့တွေက ဒေသခံလူမည်း လူမျိုးတွေကို ကျေးကျွန်ပြု အလုပ်စေခိုင်းမှုတွေ လုပ်လာခဲ့ပါတယ်။ (၁၇၉၅) ခုနှစ်မှာ Cape of Good Hope ကို ဗြိတိသျှတွေက သိမ်းပိုက်ပြီး၊ (၁၈၁၅)ခုနှစ်မှာတော့ ဒေသတွင်းထိန်းချုပ်မှုတွေ ပြုလုပ်လာနိုင်ခဲ့ပါတယ်။ ဗြိတိသျှတွေက လူ့အဖွဲ့အစည်း တိုးတက်ရေးအတွက် လိုအပ်မယ့် မူဝါဒတွေပြောင်းလဲချမှတ်လာပြီး၊ (၁၈၃၄) ခုနှစ်မှာ ကျေးကျွန်စနစ်ကို ဖျက်သိမ်းပေးခဲ့ပါတယ်။

ဒါကြောင့် Boers တွေဟာ နယ်မြေသစ်ရှာဖွေမှုတွေ ပြုလုပ်လာကြပါတယ်။ ဒီလိုနယ်မြေသစ်တွေ ရှာဖွေရင်း (၁၈၆၉) ခုနှစ်မှာ Kimberly ဆိုတဲ့နေရာမှာ သဘာဝသယံဇာတ စိန်တွေတူးဖော်တွေ့ရှိခဲ့ပြီး၊ မကြာမီမှာပဲ Johannesburg မှာ ရွှေတွေ ထပ်မံတွေ့ရှိခဲ့ကြပါတယ်။ ဗြိတိသျှတွေက နယ်မြေသစ်တွေကိုပါ လက်အောက်ခံဒေသအဖြစ်သတ်မှတ်လာတာကြောင့် သယံဇာတပေါကြွယ်ဝတဲ့နယ်မြေတွေကိုလုကြရင်း Boer Wars နှစ်ကြိမ်ဖြစ်ခဲ့ပေမယ့်စစ်အင်အားနဲ့လက်နက်အင်အားသာတဲ့ ဗြိတိသျှတို့ဘက်ကအနိုင်ရသွားခဲ့ပါတယ်။

(၁၉၁၀) ခုနှစ်မှာတော့ ဗြိတိသျှတို့က တောင်အာဖရိကပြည်ထောင်စုအဖြစ် ကွဲပြားနေတဲ့ နယ်မြေဒေသ အသီးသီးကိုစုစည်းသတ်မှတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ဖွဲ့စည်းပုံအခြေခံဥပဒေအရ တက်လာတဲ့ အစိုးရသစ်ဟာ Mines and Work Act (1911), Natives Land Act (1913) တို့ကို ပြဋ္ဌာန်းခဲ့ရာမှာ လူမည်းလူမျိုးတွေအတွက် ဆုံးရှုံးနစ်နာစေမယ့် ပုဒ်မတွေ အများအပြားပါဝင်ခဲ့ပါတယ်။

(၁၉၃၀) ကာလတွေမှာ ဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့စီးပွားပျက်ကပ်က တောင်အာဖရိကနိုင်ငံကို ဆိုးရွားစွာအကျိုးသက်ရောက်မှုတွေရှိစေခဲ့ပါတယ်။ ဒါကြောင့် လူဖြူတွေနဲ့ဖွဲ့စည်းထားတဲ့ အမျိုးသားပါတီက လူဖြူဆင်းရဲနွမ်းပါးသူတွေကို ဦးစားပေးပြီး၊ လူမည်းတွေကို စျေးပေါသောလုပ်သားများအဖြစ် ခွဲခြားအသုံးချမယ့် မူဝါဒတွေကို ရေးဆွဲခဲ့ပါတယ်။ ပါတီဟာ ၁၉၄၈ခုနှစ်၊ ရွေးကောက်ပွဲမှာအနိုင်ရပါတီဖြစ်လာခဲ့ပါတယ်။

အနိုင်ရပါတီဟာ ရေးဆွဲထားတဲ့မူဝါဒတွေကို အခြေခံပြီး Apart-heid Laws တွေကို ချမှတ်ကျင့်သုံးပါတော့တယ်။ တောင်အာဖရိကဘာသာစကားအရ Apartheid ဆိုတာ ခွဲခြားခြင်း (separation) ဖြစ်ပါတယ်။ ဒီဥပဒေတွေဟာ လူမည်းတွေရဲ့ ဘဝအခွင့်အလမ်းများကို မတရားဖိနှိပ်မှုများနဲ့ ချုပ်ကိုင်ထားတဲ့အတွက် ဆန့်ကျင်လှုပ်ရှားမှုတွေ ပေါ်ထွက်လာခဲ့ပါတော့တယ်။

၁၉၅၀ ကနဦးကာလတွေမှာ အကြမ်းမဖက် ဥပဒေဘောင်တွင်းလှုပ်ရှားမှုအနေနဲ့ လူမျိုးပေါင်းစုံ တန်းတူညီမျှရေးကို တောင်းဆိုပြီး၊ ထောင်ထဲဝင်ကြတဲ့ နိုင်ငံရေးအန်တုမှုကင်ပိန်းတွေ ဖြစ်ပွားခဲ့ပါတယ်။ နောက်ပိုင်းမှာ တောင်အာဖရိက အမျိုးသားကွန်ဂရက် (အေအင်စီ)နဲ့ အခြားမဟာမိတ်တွေက လူမျိုးပေါင်းစုံတန်းတူညီမျှရေး၊ တရားဥပဒေစိုးမိုးရေးစတာတွေပါဝင်တဲ့ Freedom Charter ကို တောင်အာဖရိကအစိုးရဆီတင်သွင်းခဲ့ပါတယ်။ အစိုးရက ငြင်းဆန်ပြီး၊ မင်ဒဲလားအပါအဝင် ခေါင်းဆောင်တွေကို ဖမ်းဆီးခဲ့ပါတယ်။

၁၉၆၀ ခုနှစ်ရောက်တော့ ဒီလို normative leverageလုပ်နေရုံနဲ့ပဲ အောင်ပွဲရမှာမဟုတ်ဘူးဆိုတာကို အေအင်စီခေါင်းဆောင်တွေသဘောပေါက်လာကြပါတယ်။ နှစ်ပေါင်း (၅၀) ကြာအောင် ပြုလုပ်ခဲ့တဲ့ တောင်းဆိုချက်တွေ၊ လက်မှတ်ထိုးတောင်းဆိုမှုတွေဟာ Apartheid အစိုးရရပ်တည်မှုကို ရွေ့လျားအောင် မလုပ်နိုင်ခဲ့ဖူး ဆိုတာကိုသိမြင်လာကြပါတယ်။ ဒါနဲ့ နိုင်ငံနဲ့အဝှမ်းဆန္ဒပြပွဲတွေကို အေအင်စီခေါင်းဆောင်တွေနဲ့ မဟာမိတ်တွေစုပေါင်းပြီး အကောင်အထည်ဖော်ခဲ့ကြပါတယ်။ ဒီလိုနဲ့ (၁၉၆၀) The Sharpeville Massacreမှာ ဆန္ဒပြသူ (၆၉) ဦးကျဆုံးပြီး၊ (၁၈၀) ကျော် ဒဏ်ရာရခဲ့ပါတယ်။ တိုင်းပြည်တဝှမ်းက နိုင်ငံရေးလှုပ်ရှားသူ လူနှစ်ထောင်ကျော်ကိုလဲ အစိုးရက လိုက်လံဖမ်းဆီးပါတော့တယ်။

ဒီအခါမှာ ခေါင်းဆောင်တွေအနေနဲ့က ရွေးစရာလမ်း သိပ်မကျန်တော့ပါဘူး။ လူထုတိုက်ပွဲတခုတည်းနဲ့မရ၊ လက်နက်ကိုင်တော်လှန်ရေးနဲ့ပါ ပေါင်းစပ်ရမယ်လို့ အမြင်ရှိလာတာကြောင့် မင်ဒဲလားနဲ့ အေအင်စီဟာ ဖူးလူးဘာသာစကားနဲ့ "Spear of the Nation." လို့အမည်ရတဲ့ military wing ကိုတည်ထောင်ပါတော့တယ်။ စစ်ရေးနဲ့ တောင်အာဖရိက စစ်တပ်ကို ယှဉ်နိုင်ဖို့ မလွယ်ကူပါဘူး။ ဒါပေမယ့် လက်နက်ကိုင်တော်လှန်ရေးနဲ့ပေါင်းစပ်ခြင်းအားဖြင့် တွေ့ဆုံညှိနှိုင်းရေးစားပွဲပေါ်ကို အစိုးရဆီ တွန်းပို့နိုင်လာမယ်လို့ ယူဆခဲ့ကြပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# မြန်မာ့ ပြုပြင်ပြောင်းလဲရေး အမေရိကန် သတိထားစောင့်ကြည့်မည်

**VOA ၊ စက်တင်ဘာ ၂၂ ။** ။ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ တွေ့နေရပြီဆိုပေမဲ့ ဒီအပြောင်းအလဲတွေက အချိန်မရွေး နဂိုလမ်းကြောင်းဘက်ကို ပြန်လှည့်သွားနိုင်တာမို့ နီးနီးကပ်ကပ် စောင့်ကြည့်ဖို့ အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Kurt Campbell က နယူးယောက်မြို့ ကုလသမဂ္ဂရုံးမှာ သတင်းထောက်တွေကို ပြောကြားလိုက်ပါတယ်။ ဒါ့အပြင်နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးအပါအဝင်အပြောင်းအလဲတွေ လက်တွေ့ဖော်ဆောင်ဖို့ လိုသေးတာကြောင့် မြန်မာအစိုးရကို ဆက်ပြီးဖိအားပေးသွားမယ်လို့လည်းဆိုပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုး သက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံကို အရေးယူပိတ်ဆို့မှုတွေနဲ့ ဒဏ်ခတ်အရေးယူနေတဲ့ အမေရိကန်အစိုးရက တိုက်ရိုက်ဆွေးနွေးဆက်ဆံတဲ့ မူဝါဒကိုပါ ချမှတ်ထားပြီး ဒီလဆန်းမှာပဲ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ် Derek Mitchell ကို မြန်မာနိုင်ငံ စေလွှတ်ခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့ကတော့ မြန်မာနိုင်ငံမှာ အပြောင်းအလဲတွေ တွေ့နေရပြီဖြစ်ပေမဲ့ အထူးစိတ်ပူစရာ ဖိနှိပ်ချုပ်ချယ်မှုတွေ တွေ့နေရဆဲပဲလို့ အမေရိကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာ့တ် ကမ့်ပ်ဘဲလ်က ပြောကြားခဲ့ပါတယ်။

"မြန်မာနိုင်ငံမှာ သိသာထင်ရှားတဲ့အပြောင်းအလဲတွေရိုက်ခတ်နေတာတွေ့နေရပြီလို့ပြောရင် ကောင်းမယ်ထင်ပါတယ်။အပြောင်းအလဲရှိလာပြီ ဆိုတာကို လူတိုင်းက သတိထားမိပေမဲ့ ဘယ်အတိုင်းအတာအထိ ဆက်ပြီးတော့ ပြောင်းမယ် ဆိုတာတော့အခုထက်ထိ မသဲကွဲသေးပါဘူး။ နိုင်ငံရေးအကျဉ်းသားတွေ အများအပြားရှိနေသေးသလို လူနည်းစု တိုင်းရင်းသားတွေကို ဆက်ပြီးတော့ နှိမ်နင်းနေတာနဲ့ မြန်မာနိုင်ငံသားတွေ နေ့စဉ်ရက်ဆက်ကြုံတွေ့နေရတဲ့ ဖိနှိပ်ချုပ်ချယ်မှုတွေဟာ အထူး စိတ်ပူစရာကောင်းတဲ့ ကိစ္စတွေပါ။"

တချိန်တည်းမှာပဲ မြန်မာသမ္မတ ဦးသိန်းစိန်က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးခဲ့သလို မြန်မာအစိုးရသစ်အဖွဲ့ဟာ စီးပွားရေး မူဝါဒအသစ်တွေနဲ့အတူ လူမှုလူ့အဖွဲ့အစည်းတွေနဲ့ပါ ပုံမှန်ဆွေးနွေးနေတာလိုမျိုး အရင်က အမေရိကန်နိုင်ငံက မျှော်လင့်မထားတဲ့ အ ပြောင်းအလဲတွေကို ပြီးခဲ့တဲ့လပိုင်းတွေအတွင်းမှာပဲ တွေ့ခဲ့ရတယ်လို့လည်း ပြောပါတယ်။ ဒါပေမဲ့ ဒီအပြောင်းအလဲတွေဟာ အချိန်မရွေး ဒုံရင်းအနေအထား ပြန်ဖြစ်သွားနိုင်ခြေရှိတယ်လို့လည်း မစ္စတာ ကမ့်ပ်ဘဲလ်က ပြောပါတယ်။

"ဒါတွေအားလုံးဟာ ယာယီခြေလှမ်းတွေပါ။ အချိန်မရွေး နဂိုလမ်းကြောင်းကို ပြန်လှည့်သွားနိုင်ပါတယ်။ ဒါကြောင့် သတိထားဖို့ အရေးကြီးသလိုပဲ တချိန်တည်းမှာပဲ အခုလို ကောင်းတဲ့ အပြောင်းအလဲလုပ်ပြလာသူတွေအတွက် ကောင်းတဲ့ တုံ့ပြန်မှုတွေ ပြန်ပေးနိုင်ဖို့က အရေးကြီးပါတယ်။"

ဒီလို ကောင်းတဲ့တုံ့ပြန်မှုတွေ ပေးနိုင်ဖို့အတွက် အမေရိကန်နိုင်ငံဟာ တခြားအရှေ့တောင်အာရှ မိတ်ဆွေနိုင်ငံတွေအပြင် အိမ်နီးချင်း တရုတ်၊ အိန္ဒိယနဲ့ ဂျပန်၊ ဩစတြေးလျ၊ နယူးဇီလန် နိုင်ငံတွေနဲ့ပါ လက်တွဲပြီး ဆောင်ရွက်နေတယ်လို့လည်း ဆိုပါတယ်။

"မြန်မာအစိုးရကို နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးတာမျိုး ခြေလှမ်းတွေဆက်လုပ်ဖို့ အားပေးမယ်လို့ ကျနော်တို့ ဆုံးဖြတ်ထားပါတယ်။ ဒါ့အပြင် မြောက်ကိုရီးယားဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက သတ်မှတ်ထားတဲ့ တရားမဝင် နျူကလီးယားလက်နက်ကိစ္စလုပ်ဆောင်မှုတွေဆက်မလုပ်ဖို့ပါ။ နောက်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားအဖွဲ့အစည်းတွေနဲ့ မြန်မာအစိုးရ ဆက်သွယ်ဆောင်ရွက်မှုတွေလို အရေးပါတဲ့ ကနဦးခြေလှမ်းတွေ ဆက်ပြီးတော့ လှမ်းနိုင်ဖို့ အားပေးသွားမှာပါ။"

အခုအချိန်ဟာ အင်မတန်သိမ်မွေ့တဲ့ အနေအထားမှာ ရောက်နေတာမို့ မြန်မာနိုင်ငံက ဖြစ်ပေါ် ပြောင်းလဲမှုတွေအတွက် ရှင်းလင်းတဲ့ အဖြေကိုရဖို့ အမေရိကန်နိုင်ငံက တက်တက်ကြွကြွဆွေးနွေး ဆက်ဆံသွားဖို့ရည်ရွယ်သလို အခုထက်ပိုပြီး သိသာထင်ရှားတဲ့တိုးတက် မှုတွေ ခိုင်ခိုင်မာမာတွေ့လာရဖို့အတွက် ဆက်ဖိအားတွေပေးမှာ ဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

မစ္စတာကမ့်ပ်ဘဲလ်အပြင်မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ် Derek Mitchell နဲ့တကွ အမေရိကန် အစိုးရတာဝန် ရှိသူတွေဟာဒီသီတင်းပတ်ထဲမှာပဲနယူးယောက်ကုလသမဂ္ဂအထွေထွေညီလာခံကိုတက်ရောက်လာတဲ့ မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ တွေ့ဆုံ ဆွေးနွေးဖို့ရှိပါတယ်။

## 'မြစ်တစင်း၏ပုံရိပ်' အနုပညာပြပွဲ ဒေါ်စု တက်ရောက်

**RFA ၊ စက်တင်ဘာ ၂၂။** ။ ပြည်ထောင်စု သားသမီးအားလုံး သွေးစည်း ညီညွတ်ရေးအတွက် ဧရာဝတီ အစဉ်တည်ရှိပါစေလို့ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ ဆန္ဒပြုလိုက်ပါတယ်။

ရန်ကုန်မြို့ ဒဂုံမြို့နယ် ယောမင်းကြီးလမ်းမှာ ရှိတဲ့ Gallery 65 ပြခန်းမှာ ဒီနေ့ကစပြီး လာမယ့် တနင်္ဂနွေနေ့အထိ ကျင်းပမယ့် မြစ်တစင်း၏ပုံရိပ် The Sketch of a River အနုပညာပြပွဲ မှတ်တမ်းမှာ ရေးသားပြီး အခုလို ဆန္ဒပြုလိုက်တာလို့ ဒီပြပွဲကို တာဝန်ခံကျင်းပတဲ့ ပန်းချီနဲ့ဒီဇိုင်းဆရာ စိုးဝင်းငြိမ်းက RFA ကို ပြောပါတယ်။

ပြပွဲမှာ ပန်းချီဆရာ၊ ဓာတ်ပုံဆရာ၊ ကာတွန်းဆရာ၊ ဂရပ်ဖစ် ပန်းချီဆရာနဲ့ ကဗျာဆရာ စုစုပေါင်း ၅၄ ဦးက ဖန်တီးထားတဲ့ အနုပညာ ၁၄၀ ကျော်ကို ခင်းကျင်းပြသထားပြီး ကဗျာဆရာတွေကတော့ ကဗျာပါ ရွတ်ဆိုကြတယ်လို့ သိရပါတယ်။

ဧရာဝတီမြစ်ဆုံ ရေကာတာ တည်ဆောက်မှုနဲ့ ပတ်သက်လို့ နိုင်ငံရေး လူမှုရေးနယ်ပယ်နဲ့ အနုပညာရှင်တွေက အရှိန်အဟုန်နဲ့ ဆန့်ကျင်ဝေဖန်လာတဲ့အချိန် ဧရာဝတီနဲ့ပတ်သက်လို့ အခုလို ပန်းချီပြပွဲ တခု ကျင်းပလိုက်တာဖြစ်ပါတယ်။ ပြသတဲ့ အနုပညာရပ် အားလုံးမှာ ဧရာဝတီမြစ်နဲ့ ဆက်စပ်တဲ့ ခံစားမှုတွေကို ဖော်ထုတ်ထားပြီး ကျယ်ကျယ်ပြန့်ပြန့် ကျင်းပတာလို့ ဆိုပါတယ်။

ဒီနေ့ ဖွင့်ပွဲနေ့မှာ လမ်းမပေါ်အထိ လူတွေပြည့်နေပြီး သတင်းထောက်တွေလည်း တိုးဝှေ့ ဓာတ်ပုံရိုက်ရတယ်လို့ သိရပါတယ်။ Green Hearts Environment Network သဘာဝပတ်ဝန်းကျင် ချစ်မြတ်နိုးတဲ့ နှလုံးသားပိုင်ရှင်များ ကွန်ယက်အဖွဲ့ကကြီးမှူးပြီး ဒီပြပွဲကျင်းပတာပါ၊ ဒီပြပွဲကရရှိမယ့် လှူဒါန်းငွေကို ဧရာဝတီမြစ်ရိုးတလျှောက် သစ်ပင်စိုက်ပျိုးရာမှာ အသုံးပြုမယ်လို့ သိရပါတယ်။

# အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ နေရာအနှံ့ ကျင်းပ

**DVB ၊ စက်တင်ဘာ ၂၁ ။** ။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးအမြန်ရရှိဖို့ ရည်စူးပြီး ဒီနေ့ကျရောက်တဲ့ ၁၀ နှစ် မြောက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့မှာ မြန်မာပြည်တွင်းနဲ့ နယ်စပ်ဒေသတွေမှာ ဆုတောင်းပွဲတွေ ပြုလုပ်ကြပါတယ်။

တရုတ်နိုင်ငံလားရင်း မြို့မှာခိုလှုံနေတဲ့ ကချင်စစ်ပြေးဒုက္ခသည်တွေစုပြီးအပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့အထိမ်းအမှတ်ဆုတောင်းပွဲကျင်းပကြတယ်လို့ ဆုတောင်းပွဲကို ဦးဆောင်ပါဝင်သူတဦးဖြစ်တဲ့ ကချင်အမျိုးသမီး မမိုင်ဂျာက ပြောပါတယ်။

"ငြိမ်းချမ်းရေးကိုလိုချင်ကြတာပေါ့၊အားလုံးကစစ်ပွဲတွေကြောင့် ထွက်ပြေးနေရတယ်။ နိုင်ငံမငြိမ်းချမ်းတာကလည်း ကိုယ့်မိသားစုထဲကနေ အရင်းခံပြီး ဖြစ်လာတာကြောင့် ကိုယ့်မိသားစုမှာ ငြိမ်းချမ်းဖို့ ကိုယ့်ရပ်ရွာအသိုင်းအဝိုင်းကော ကိုယ့်နိုင်ငံကော ကမ္ဘာကြီးတခုလုံးကော ငြိမ်းချမ်းဖို့အတွက် ရည်စူးပြီးတော့ ဆုတောင်းကြတယ်။"

ဒီစစ်ပြေးဒုက္ခသည်တွေဟာ လွန်ခဲ့တဲ့သုံးလကစပြီး ကချင်ပြည်နယ်လွယ်ဂျယ်နဲ့ မျက်နှာချင်းဆိုင် တရုတ်နိုင်ငံဘက်ကို နယ်စပ်ဖြတ်ကျော်ခိုလှုံနေကြတာဖြစ်ပြီး နေရေးစားရေး အခက်ကြုံနေကြတယ်လို့လည်း ပြောပါတယ်။

"နေရာထိုင်ခင်းတွေလည်း အစစ်ဆေးအရမ်းဖြစ်လာတယ်။ တရုတ်ပြည်တွင်းမှာဆိုရင်လည်း မုံညင်းပင်တပင်တောင် စိုက်လို့မရဘူး၊ မြက်တပင်လည်း နှုတ်လို့မရဘူး။ အရမ်းဒုက္ခရောက်နေကြတယ်။ ကျမတို့တိုင်းရင်းသားတွေ တောင်းဆိုထားတဲ့ ငြိမ်းချမ်းရေးကို အစိုးရအနေနဲ့လည်း စစ်မှန်တဲ့ငြိမ်းချမ်းရေး၊ အေးချမ်းတဲ့ငြိမ်းချမ်းရေးဖြစ်ဖို့ စဉ်းစားဆွေးနွေးပေးရင်တော့ ကျမတို့ ကိုယ့်နေအိမ်တွေလည်း ပြန်နိုင်မှာပါပဲ။"

ကချင်စစ်ပြေးဒုက္ခသည်တွေဟာ လက်ရှိ ရာသီဥတုအေးမှုနဲ့အစားအသောက်မလုံလောက်မှုကြောင့် နာစေးချောင်းဆိုးရောဂါတွေဖြစ်နေကြသလို ကလေးငယ်တွေ အာဟာရချို့တဲ့နေကြတယ်လို့လည်း ဆိုပါတယ်။

အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားဆုတောင်းပွဲကို ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်းမှာလည်း ကျင်းပရာမှာ ငြိမ်းချမ်းရေးနေ့ ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောပြီး ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ပြောကြားချက်တွေကို ဖွင့်လှစ်သွားပါတယ်။

ဒါ့အပြင် တက်ရောက်လာသူအများစုဖြစ်တဲ့ လူငယ်တွေက လက်ရှိနိုင်ငံရေးနဲ့ပတ်သက်ပြီး ဆွေးနွေးကြတယ်လို့ ဦးဆောင်ကျင်းပသူ မအေမီအောင်က ပြောပါတယ်။

"အစိုးရသစ်လက်ထက်မှာ ကျမတို့ရဲ့ မြန်မာနိုင်ငံဟာ စစ်ပွဲတွေက အရင်ကထက် ပိုပြီးတော့ဖြစ်လာတာတွေ့ရတယ်။ ငြိမ်းချမ်းရေးကို သိပ်ပြီးတော့ ဖော်ဆောင်တာ သိပ်မရှိဘူး။ အခုလက်ရှိဖြစ်နေတဲ့ ကချင်လက်နက်ကိုင်အဖွဲ့နဲ့ အစိုးရအဖွဲ့ဆိုရင် အမျိုးမျိုးသူတို့ကြိုးစားဆွေးနွေးတယ်။ ဒါပေမယ့်လည်း ဘယ်လိုမှကို မအောင်မြင်ဘူး။ ဒါကို ကြည့်ချင်းအားဖြင့် ကျမတို့မြန်မာပြည်မှာ ငြိမ်းချမ်းရေးသင်္ကြန်အလားအလာကို ကျမတို့အနေနဲ့ ဆွေးနွေးချင်တာကြောင့်ခေါ် လိုက်ခြင်းဖြစ်တယ်။"

ရန်ကုန်တိုင်း အလုံမြို့မှာလည်း ငြိမ်းချမ်းရေးနေ့အခမ်းအနားကျင်းပရာမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဌ ဦးတင်ဦးအပါအဝင် လူဦးရေ ၃၀၀ လောက် တက်ရောက်ပြီး ငြိမ်းချမ်းရေးအထိမ်းအမှတ်ချိုးငှက်လွှတ်ကြပါတယ်။

ဒီအခမ်းအနားမှာ ရောဝတီမြစ်ဆုံရေကာတာစီမံကိန်းကို ကန့်ကွက်တဲ့လှုပ်ရှားမှုတွေလည်း လုပ်ဆောင်ကြတယ်လို့ အလုံမြို့နယ်အဖွဲ့ချုပ် လူငယ်တာဝန်ခံ ကိုလူမော်လတ်က ပြောပါတယ်။

ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့က မြန်မာအဖွဲ့အစည်းတွေကတော့ ငြိမ်းချမ်းရေးနေ့ အခမ်းအနား ကျင်းပဖို့ စီစဉ်ပေမယ့် ထိုင်းအာဏာပိုင်တွေက ခွင့်မပြုလို့ အခမ်းအနားကျင်းပခွင့် မရကြပါဘူး။

ထိုင်းအခြေစိုက် အမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)က ဒီနေ့ထုတ်တဲ့ နိုင်ငံတကာငြိမ်းချမ်းရေးနေ့ကြေညာချက်မှာတော့"တနိုင်ငံလုံး အတိုင်းအတာနဲ့အပစ်ခတ်ရပ်စဲပြီး တွေ့ဆုံဆွေးနွေးရေး အမြန်ဆုံးအကောင်အထည်ဖော်ဖို့ နိုင်ငံရေးအကျဉ်းသားတွေကို ခြွင်းချက်မရှိလွှတ်ဖို့ အပါအဝင် အချက် ၆ ချက်ကို" တောင်းဆိုထားပါ တယ်။

ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) ကလည်း ဒီနေ့အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့မှာ တရက်တာ အပစ်အခတ်ရပ်စဲဖို့နဲ့ ငြိမ်းချမ်းရေးဖော်ဆောင်ဖို့ အစိုးရကိုတောင်းဆိုပါတယ်။

ကမ္ဘာ့ကုလသမဂ္ဂက နိုင်ငံတခုချင်းစီ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးတို့ကတဆင့် ဒေသတွင်းလုံခြုံရေး၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတိုအတွက် ရည်စူးပြီး စက်တင်ဘာ ၂၁ ရက်ကို နိုင်ငံတကာငြိမ်းချမ်းရေးနေ့အဖြစ် ၂၀၀၁ ခုနှစ်မှာ စတင်သတ်မှတ်ခဲ့ပါတယ်။

## မြန်မာ့အလင်း တရားမဝင်ခိုးဖြန့်သူ ၅ ဦး ဖမ်းဆီးအရေးယူ

**RFA ၊ စက်တင်ဘာ ၂၂ ။** ။ မြန်အစိုးရပိုင် နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာကို ရန်ကုန်မြို့မှာ တရားမဝင် ခိုးရိုက်ပြီး ဖြန့်ချိရောင်းချနေကြတဲ့ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနဲ့စာနယ်ဇင်းလုပ်ငန်းက ဝန်ထမ်း ၅ ဦးကို ပြီးခဲ့တဲ့ရက်ပိုင်းက အာဏာပိုင်တွေက ဖမ်းဆီး အရေးယူလိုက်တယ်လို့ သိရပါတယ်။

မြန်မာ့အလင်းသတင်းစာ စောင်ရေအပိုတွေကို တရားမဝင် ခိုးရိုက်ပြီးဖြန့်ချိနေတာဖြစ်ပြီး နှစ်ပေါင်းများစွာ တရားဝင် ရောင်းဈေး ၅၀ ကျပ်အစား ၄၅ ကျပ်နှုန်းနဲ့ မှောင်ခိုဖြန့်ချိ ရောင်းချနေသူတွေလို့ သိရပါတယ်။

ဒီအမှုမှာ အဓိက တာဝန်ရှိတယ်လို့ ယူဆရတဲ့ မြန်မာ့အလင်းသတင်းစာဖြန့်ချိရေးဌာနက အရာရှိတဦး အပါအဝင် အရာထမ်း ၅ ဦးကို သက်ဆိုင်ရာက ဖမ်းဆီးထားပြီး မနေ့ကလည်း ငွေစာရင်းဌာနက အရာရှိတစ်ဦးကို ထပ်မံ ဖမ်းဆီးထားပါတယ်။

အဲဒီအရာရှိဟာ စစ်ဖက်က လာတဲ့အရာရှိဖြစ်ပြီး သူတဦးထဲ ငွေကျပ်သိန်း ၂၅၀၀ ခန့် ပေးလျော်ရဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။ ဒီအမှုမှာ အခြားပြန်ကြားရေးဌာနက အဆင့်မြင့် အရာရှိကြီးတွေပါ ပါဝင်ပတ်သက်နေပြီး မြန်မာ့အလင်း သတင်းစာက အောက်ခြေဝန်ထမ်းအချို့ဟာ ကျပ်သိန်းဆယ် ဂဏန်းနဲ့ချီပြီး ခွဲတမ်း ချပေးရမယ်လို့ စုံစမ်းသိရှိရပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်ကို ဗြိတိန် Chatham House ဆုချီးမြှင့်

**VOA ၊ စက်တင်ဘာလ ၂၃ ။** ။ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာရေးရာတွေမှာ ထင်ရှားတဲ့အသင်းကြီးတခုဖြစ်တဲ့ ဗြိတိန်နိုင်ငံက Chatham House က ဂုဏ်ထူးဆောင်ဆု ချီးမြှင့်လိုက်ပါတယ်။

နိုင်ငံခြားဆက်ဆံရေး ကျွမ်းကျင်သူ ပညာရှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အသင်းရဲ့အဖွဲ့ဝင်တွေက နိုင်ငံတကာဆက်ဆံရေးမှာ သိသိသာသာ တိုးတက်အောင် ကြိုးပမ်းနိုင်သူတွေကို နှစ်စဉ် ရွေးချယ်ချီးမြှင့်နေတဲ့ ဂုဏ်ထူးဆောင်ဆုကို ဒီနှစ် ၂၀၁၁ ခုနှစ်မှာတော့ ဒေါ်အောင်ဆန်းစုကြည်ကို ပေးအပ်လိုက်တဲ့အကြောင်း ဒီကနေ့ပဲ ကြေညာလိုက်တာပါ။

ဒေါ်အောင်ဆန်းစုကြည်ဟာ ဖိနှိပ်မှုတွေကို ငြိမ်းငြိမ်းချမ်းချမ်းနဲ့တွန်းလှန်ရင်း ဒီမိုကရေစီရေး ကြိုးပမ်းနေတဲ့ နိုင်ငံတကာမှာ ထင်ရှားသူတဦးဖြစ်သလို မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရှိဖို့ ကြိုးပမ်းရင်း လွန်ခဲ့တဲ့ ဆယ်စုနှစ် ၂ ခုအတွင်း အချိန်အတော်များများကို ဖမ်းဆီးခံရရင်းနဲ့ ကုန်ဆုံးခဲ့ရသူဖြစ်တယ်လို့လည်း Chatham House ရဲ့ ကြေညာချက်က ဖော်ပြပါတယ်။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလထဲ နေအိမ်အကျယ်ချုပ်က ပြန်လွတ်လာပြီးတဲ့နောက် သူ့ရဲ့ကြိုးပမ်းမှုတွေက နိုင်ငံတကာရဲ့ ရပ်တည်ချက်တွေကို ပိုမိုအားကောင်းလာစေသလို မြန်မာနိုင်ငံက အတိုက်အခံလှုပ်ရှားမှုတွေမှာ အဓိက အရေးပါသူတဦးအဖြစ် ထွက်ပေါ်လာတယ်လို့လည်း ပြောပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကတော့ မြန်မာနိုင်ငံကဒီမိုကရေစီရေး ကြိုးပမ်းမှုတွေအတွက် နိုင်ငံတကာရဲ့ အာရုံစိုက်မှုတွေက အထောက်အကူ ဖြစ်စေသလို မြန်မာနိုင်ငံက ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေကနေ ငြိမ်းချမ်းရေးနဲ့ လွတ်လပ်ခွင့်ကို တောင့်တ နေကြတဲ့ လူတွေအားလုံးရဲ့ ဆန္ဒကိုလည်း နက်နက်ရှိုင်းရှိုင်း သဘော ပေါက်စေတဲ့အကြောင်း Chatham House ကို ပြောဆိုခဲ့ပါတယ်။

ဒီဆုကိုတော့ ဒီဇင်ဘာလ ၁ ရက်နေ့ လန်ဒန်မြို့မှာ အခန်းအနားတခုနဲ့ ချီးမြှင့်သွားမှာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ကိုယ် စား အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဟောင်း မက်ဒလင်းအောဘရိုက် (Madeleine Albright က လက်ခံရယူသွားမှာ ဖြစ်ပါတယ်။ သူမအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဒီဆုကို လက်ခံရယူခွင့်ရတဲ့အတွက် အထူးကို ဂုဏ်ယူဝမ်းမြောက်ရတယ်လို့ Madeleine Albright က ပြောဆိုပါတယ်၊ ဒီဆုကို မနှစ်က တူရကီသမတကို ပေးအပ်ချီးမြှင့်ခဲ့တာဖြစ်ပါတယ်။

Voice of Burma


**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**


**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**